http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက


ရွှေပါရမီတောရ

# ဘယ်လောက်ဝေးဝေး နီးနီးလေး




ရွှေပါရမီစာစဉ်(၃၀)
www.shweparami.net

http://www.dhammadownload.com



အမေရိကရှိ ရွှေပါရမီတောရကျောင်းရှေ့မှ အရှင်ဆန္ဒာဓိက
(၂၀၀၆၊ အောက်တိုဘာ)

http://www.dhammadownload.com

ဆရာတော် နောက်တစ်ခါပြန်ကြွလာမယ့်ရက်ကို မျှော်ပြီး ထပ်မံပြုလုပ်ရမယ့် ကုသိုလ်များအတွက် ပီတိဖြစ်နေလျက်ရှိပါတယ်။

ဆရာတော် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါစေ။ သက်တော်(၄၀)ပြည့်တဲ့နေ့မှာ အုပ်(၄၀)မြောက် စာအုပ် အောင်မြင်စွာ ထွက်ပေါ်နိုင်ပါစေ . . . ။

ရိုသေလေးစားစွာဖြင့်

ဒါယိကာမကြီး

ခင်နွယ်ဝင်း(ရွှေပါရမီ USA)

■

မှတ်ချက် ။ ။ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးမင်းသိန်းသောင်းနှင့် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်နွယ်ဝင်း ဇနီးမောင်နှံသည် အမေရိကရှိ ရွှေပါရမီတောရကျောင်း၏ ကျောင်းဒကာ ကျောင်းအမများ ဖြစ်ကြပါသည်။

(ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့)

http://www.dhammadownload.com


# ရွှေပါရမီ ၂၀၀၇ အမှတ်(၁)

စာမူခွင့်ပြုချက်

၃၂၀၄၄၄၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်

၃၂၀၃၆၉၀၇၀၇

၂၀၀၇ ခုနှစ် ● ဇူလိုင်လ ● ဒုတိယအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ

နေဝင်းအောင်

စာအုပ်ချုပ်

ကိုဇော်ဝမ်း

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ်၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဖြန့်ချိရေး

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

တန်ဖိုး ၅၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

- ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊မြစိမ်းရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့၊ အထက(၁)မှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယ ရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများလေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ် အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထားစာအုပ်ကို စတင် ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဥ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ


၁။ ■ အဝေးကရေးတဲ့စာ
■ ဝေးမှမဝေးခဲ့တာ ၉
၂။ ■ သတိရတိုင်း အနားမှာရှိတယ် ၃၁
၃။ ■ သတိမှားရင် ပိပြားသွားမယ် ၃၈
၄။ ■ အမှန်ပြောရင် သံယောဇဉ်လည်း
■ ပူလောင်တယ် ၄၄
၅။ ■ သံယောဇဉ်ကို ပြန်မပြောချင်အောင်
■ စိတ်ကုန်တယ် ၅၁
၆။ ■ အချစ်တဏှာမရှိအောင်
■ မေတ္တာသတိဆောင် ၅၉
၇။ ■ အချစ်တဏှာမဝေအောင်
■ မေတ္တာရေလေး လောင်းလိုက်ပါ ၆၆

http://www.dhammadownload.com

၈။ ■ ဝ, ခုတင်ဘေးမှာ လု, အမြဲရှိတယ် ၇၄
၉။ ■ နားလည်မှုလွဲလို့ . . .
■ . . . တို့ဝေးခဲ့ပြီ ၈၀
၁၀။ ■ မချစ်တတ်လေသမျှတော့
■ အချစ်ငတ်နေကြဦးမှာပါပဲ ၈၅
၁၁။ ■ ချစ်သမျှကို လှစ်ပြဖို့ ဂရုံပါတယ် ၉၁
၁၂။ ■ တန်ဖိုးအနှစ်သိလေ
■ အမှန်တိုးချစ်မိလေ ၉၇
၁၃။ ■ အပြန်အလှန် သတိမမေ့ရင်
■ အမှန်အကန်ထိတွေ့နေပါတယ် ၁၀၃
၁၄။ ■ ဝေးလျက်နီးနေ မိုင်ပေါင်းကုဋေ ၁၁၅
၁၅။ ■ အဝေးရောက်အနီးဆုံးလူ ၁၂၃

http://www.dhammadownload.com

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com



ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com



# အဝေးက ရေးတဲ့စာ
# ဝေးမှမဝေးခဲ့တာ

ဆရာတော်လေး အရှင်ဆန္ဒာဓိကရေ . . .

တပည့်တော် သတိတရ စာရေးလိုက်ပါတယ်။ ဦးဇင်း ကျန်းမာချမ်းသာစွာနဲ့ အမျိုးဘာသာ, သာသနာရဲ့ ကောင်းကျိုးတွေကို အခုထက်ပိုပြီး သယ်ပိုးဆောင်ရွက်နိုင် ပါစေလို့ တကယ့် (တကယ့်) ရင်ထဲကလာတဲ့ မေတ္တာစိတ်နဲ့ အခါခါ ဆုတောင်းပေးနေမိပါတယ်။

တကယ်ခေါ်ဖြစ်လိုက်ချင်တာက 'ညီတော်လေး ရေ . . .' လို့ ခေါ်လိုက်ချင်တာပါ။ ဦးဇင်းက ဇန်နဝါရီလ ဖွား၊ တပည့်တော်က ဇွန်လဖွားမို့ အသက်အရွယ်အနေနဲ့ တပည့်တော်က ဦးဇင်းထက် ငါးလငယ်ပေမယ့် သာသနာ့ ဘောင်ကို ဝင်ရောက်ခဲ့တဲ့ ကာလအခြေအနေအရ တပည့် တော်က စောနေခဲ့တာကြောင့် 'ဦးအာစာရရေ . . . .

http://www.dhammadownload.com

တပည့်တော်ကို ညီတော်လို့ပဲ ခေါ်ပါ' လို့တောင် ဦးဇင်း ပြောခဲ့ဖူးသေးတာ မဟုတ်လား။

အခုတော့ ဦးဇင်းရဲ့ ဂုဏ်ဒြပ်နဲ့ လုပ်ရပ်တွေက သိပ်ကြီးကျယ်မြင့်မြတ်နေပြီ ဖြစ်တာကြောင့် ဦးဇင်းခေါ်စေ ချင်သလို 'ညီတော်' လို့ မခေါ်ဝံ့တော့ဘဲ 'ဆရာတော်လေး' လို့ပဲ ခေါ်လိုက်ရပါတော့တယ်။

ဆရာတော်လေး အရှင်ဆန္ဒာဓိကရေ . . .

မှတ်မှတ်ရရ ၂၀၀၆ မတ် ၁ ရက်နေ့မှာ ဦးဇင်းရဲ့ မေတ္တာနဲ့ ဖိတ်ခေါ်ချက်အရ သထုံ ရွှေစာရံ အလင်းစေ-တမန် အထူးတရားပွဲ လာဟောရင်း ဦးဇင်းရဲ့ 'ရွှေပါရမီ တောရ' ကျောင်းလေးကို ဒုတိယအကြိမ်မြောက် ရောက်ခဲ့ရ ပြန်ပါတယ်။

ဦးဇင်းရဲ့ တောရကျောင်းလေးဟာ ရေတံခွန် စိမ့် စမ်းတွေ, သစ်ပင်ပန်းမန်တွေ, နားနေဆောင်နဲ့ ကျောင်း ဆောင်လေးတွေ, တောရကျောင်းပေါ်အတက် ကျောက် လှေကားလေးတွေနဲ့ အတော့်ကို ကြည်နူးချမ်းမြေ့စရာအတိ ပါပဲ။

ရာဘာတောအုပ်ကြီးအထက် တောင်ကမူဖျား လေးရဲ့ နံရံမှာ ကပ်ပြီး တည်ဆောက်ထားတဲ့ ရွှေပါရမီ တောရကျောင်းလေးဟာ တောင်ဖြိုပြီး ချောင်ခိုကာနေ

http://www.dhammadownload.com

တော်မူကြရတဲ့ တပည့်တော်တို့ရဲ့ စစ်ကိုင်းတောင်က ချောင်လေးတွေနဲ့ တစ်ထေရာတည်းပါပဲ။

'တပည့်တော် ငယ်ငယ်က ငါသာ အသက်ကြီးလာရင် စစ်ကိုင်းတောင်က ကျောင်းလေးတွေလို တောင်ကမ်းပါးယံ အနိမ့် အမြင့်၊ အတက် အဆင်းလေးတွေနဲ့ ကျောင်းမျိုးလေးမှာ နေရရင် သိပ်ကောင်းမှာပဲလို့ တွေးထားခဲ့တာ။ အခုတော့ တကယ့် စစ်ကိုင်းတောင်လေးလို ဖြစ်နေတယ် ဦးဇင်းရေ . . .၊ ညနေပိုင်းရောက်တိုင်း ဘုရားစေတီတွေဆီ လက်အုပ်ချီ ရှိခိုးရင်း 'နမောတဿ'နဲ့ ရှိခိုးရတာ သိပ်ကျေနပ်စရာ ကောင်းလှပါတယ်'

ဖျူးပွိုင့်မှာ ပြောပြနေတဲ့ ဦးဇင်းရဲ့ စကားကို နားထောင်ရင်း 'ဩော် . . . ဘဝဆိုတာ ကိုယ့်ရဲ့ အိပ်မက်အတိုင်း ဖြစ်လာတတ်တယ်ဆိုတာ တကယ်ပါလား' လို့ တပည့်တော် တွေးနေမိခဲ့ပါသေးတယ်။

ဆရာတော်လေးရေ . . .

စလေအညာက နဘေဆရာကြီး ဦးပုည ရေးခဲ့တဲ့ နိဗ္ဗိန္ဒဖွဲ့ တေးထပ်လေးရဲ့ တစ်ပိုင်းတစ်စကို သတိရနေမိပြန်ပါသေးတယ်။

'မြတ်လေးရုံ တောအစ
ဒေါနလမ်း မြေညီ၊

http://www.dhammadownload.com

လျှောကျစမ်း ရေသင်းကြည်တယ်
ရွှေနှင်းဆီ ကန်ချောင်း၊
တောအစ စကားဝါငူမှာ
နံ့သာဖြူ လေးမောင့်စံကျောင်း။'
ဆိုတဲ့ စာပိုဒ်လေးကိုပါ။

တောရကို တောရပီပီလေး မြတ်နိုးစရာ တည်ဆောက်ထားတာ, တောရကျောင်းလေးထဲမှာ မြတ်စွာဘုရားရုပ်ပွားတော်နဲ့ စာရေးစားပွဲမှအပ လူကုံထံတွေရဲ့ ပကာသန ဆိုဖာ, ဆက်တီကြီးတွေကအစ ဘာဆိုဘာမှ မရှိတာတွေအတွက် အရမ်းကြည်နူးမိရပါတယ်။

လွန်ခဲ့တဲ့ နှစ် ၂၀ က ဦးဇင်းနဲ့ တပည့်တော်တို့ စစ်ကိုင်းရွှေဟသ်ာမှာ အတူနေခဲ့ကြဖူးတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က ဦးဇင်းနဲ့ တပည့်တော်တို့ ရန်ကုန် သဒ္ဓမ္မရံသီရိပ်သာမှာ အတူနေခဲ့ကြဖူးတယ်။ အခု ရွှေပါရမီတောရမှာ ပြန်တွေ့ကြတယ်။

ဦးဇင်းရဲ့ ဂုဏ်ဒြပ်တွေ၊ ကျော်ကြားမှုတွေက ဘယ်လောက်တောင်ပဲ ကြီးမားကျယ်ပြန့် မြင့်မြတ်သွားခဲ့ပေမယ့် ဦးဇင်းရဲ့ အနေအထိုင်၊ အပြောအဆို၊ အမူအရာတွေက ဟိုးအရင်ကလိုပဲ ငြိမ်သက်အေးချမ်း တည်ကြည်စွာ ရှိနေခဲ့တဲ့ အတ္တသမ္မာပဏိဓိ မင်္ဂလာတရားအတွက် တပည့်တော်

http://www.dhammadownload.com

များစွာပဲ ကျေနပ်ပီတိ ဖြစ်ရပါတယ်။ များစွာပဲ ဂုဏ်ယူဝမ်းမြောက်ပါတယ်။

ဆရာတော်လေးရေ . . .

'သဒ္ဓါ' ဆိုတာ 'ယုံကြည်တာ' တဲ့။ ယုံမှ ကြည်တယ်ဆိုတဲ့ စကားအတိုင်း ကြည်လင်သန့်ရှင်းနေတဲ့ ဦးဇင်းရဲ့ ဥပဓိသမ္ပတ္တိကို ကြည့်ရင်း ဦးဇင်းရဲ့ ရင်ထဲက သဒ္ဓါတရားဂုဏ်သတ္တိကို တပည့်တော် လှမ်းပြီး ကြည်ညိုနေမိပါတယ်။

ရတနာသုံးပါးနဲ့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်အပေါ်မှာ ရဲဝံ့ပြောင်မြောက်တဲ့ မတုန်မလှုပ် သက်ဝင်ယုံအပ်မှုတွေကြောင့် ကြည်လင်သန့်ရှင်းနေတဲ့ ဥပဓိသမ္ပတ္တိကို ဦးဇင်း ပိုင်ဆိုင်နေတာပဲရယ်လို့ တပည့်တော် ကြောင်းကျိုးဆက် တွေးနေမိခဲ့ပါတယ်။

ဖြစ်ချင်တော့ ဦးဇင်းက ငယ်ငယ်ကတည်းက ကျော်စောတဲ့ ဘုန်းကံပါရမီ ပါလာခဲ့သူလေ။ ဒီတော့ကိုရင်ငယ်၊ ရဟန်းငယ်လေးဘဝမှာပဲ ဦးဇင်းရဲ့ ဘေးမှာ ကြည်ညိုသူတွေ၊ ဆည်းကပ်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာကို တပည့်တော် လွန်ခဲ့တဲ့ နှစ် ၂၀ နီးပါးကတည်းက တွေ့ခဲ့ရဖူးတာပါပဲ။ ဒီကနေ့မှာတော့ ဦးဇင်းရဲ့ တရားပွဲဆိုရင် လူတွေက ကြိတ်ကြိတ်တိုး၊ ကြပ်ကြပ်သိပ်။ တရားပွဲပြီးရင် ပြောဆိုမဝ တသသ . . .။

http://www.dhammadownload.com

တပည့်တော် တွေးကြည့်တယ်။

တကယ်တော့ ဒါတွေဟာ ဦးဇင်းရဲ့ နှလုံးသားမှာ အမြဲတော ဖြစ်နေခဲ့ပြီးဖြစ်တဲ့ သဒ္ဓါတရားဂုဏ်သတ္တိတွေရဲ့ တုံ့ပြန်ရိုက်ခတ်မှုတွေပါပဲလို့လေ။

တပည့်တော် လူတွေ၊ ရှင်တွေ၊ ရဟန်းတွေရဲ့ မျက်နှာတွေကို စာဖတ်သလို ဖတ်နေမိတယ်။ 'သူ့မျက်နှာမှာ သဒ္ဓါတရား ပါရဲ့လား' လို့။ တစ်ပြိုင်နက်တည်းမှာပဲ ကိုယ့်မျက်နှာကိုလည်း ပြန်ကြည့်နေမိတတ်ပါသေးတယ်။ အသိ၊ သတိနဲ့ သဒ္ဓါစာတ် ဖြည့်ခဲ့ရပါတယ်။

ဆရာတော်လေးရေ . . .

'ကိုယ်ကျင့်စာရိတ္တဟာ တန်ခိုးစွမ်းအားသတ္တိပဲ'

ဆိုတဲ့စကား ရှိပါတယ်။ ဦးဇင်းဟာ ငယ်ငယ်ကတည်းက သီလ အထူးစင်ကြယ်အောင် နေပြီး ဒီကနေ့အထိ စာအုပ်စာတမ်း ဝယ်တာကအစ နိဿဂ္ဂိ မထိုက်အောင် (အာပတ် မသင့်အောင်) စီမံတတ်ကြောင်း တပည့်တော် သိထားပါတယ်။

'နေ့ ပရိယတ်၊ ည ပဋိပတ်' နဲ့ အမြဲနေပြီး ကိုယ်ကျင့်သိက္ခာတွေကို အသားတက်အောင် အားထုတ်နေတာကိုက လောကကို အလှဆင်နေခြင်း တစ်မျိုးပဲ မဟုတ်လား။

'အတ္တာနံ ရက္ခန္တော ပရံ ရက္ခတိ နာမ'

http://www.dhammadownload.com

'ကိုယ့်ကိုယ်ကို စောင့်ရှောက်ခြင်းဟာ တစ်လောကလုံးကို စောင့်ရှောက်ရာ ရောက်တယ်'

'ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ နာမ'

'တစ်လောကလုံးကို စောင့်ရှောက်ခြင်းဟာ ကိုယ့်ကိုယ်ကိုလည်း စောင့်ရှောက်ပြီးသား ဖြစ်တယ်'

ဆိုတဲ့ စကားအတိုင်း ဦးဇင်းရဲ့ ကိုယ်ကျင့်သီလ၊ စာရိတ္တအင်အား ဓာတ်သတ္တိတွေကြောင့် ဦးဇင်းကို ကြည်ညိုလေးစား မြတ်နိုးကြတဲ့ ပရိသတ်တွေဟာ ရောက်လာမစဲ တသဲသဲ တဖွဲဖွဲ ဖြစ်နေကြတာပေါ့။ ဦးဇင်းနဲ့ ပရိသတ်တွေကို ကြည့်ပြီး မြတ်စွာဘုရား အင်္ဂုတ္တရနိကာယ်နဲ့ သံယုတ္တနိကာယ်တွေမှာ ဟောခဲ့ဖူးတဲ့ 'အာကင်္ခေယျသုတ္တန်' ကြီးကို ဖျတ်ခနဲ လှမ်းပြီး ကြည်ညိုလိုက်မိရပါသေးတယ်။

ဆရာတော်လေးရေ . . .

ဦးဇင်းပြတဲ့ စာရေးစားပွဲက မြင်ကွင်းလေးကို ပြန်မြင်ယောင်နေမိပါသေးတော့တယ်။

'ဦးဇင်းရေ . . .

ဒီစာရေးစားပွဲကနေ စာရေးရင်း၊ စာဖတ်ရင်း မျက်စိညောင်းလို့ ဘယ်ဘက်ကို ကြည့်လိုက်ရင် တောတောင်ရှုခင်းနဲ့ လဝတောင်ပေါ်က ဘုရားစေတီလေးကို လှမ်းဖူးရတာ သိပ်ကြည်နူးစရာ ကောင်းတယ်။ အမရပူရ

http://www.dhammadownload.com

မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ စာရေးကျောင်းလေးကနေ လှမ်းကြည့်လိုက်ရင် ရေပြင်ကျယ်တွေ ပြည့်နေတဲ့ တောင်သမန်အင်းကြီးကို မြင်ရသလိုပဲပေါ့။ တပည့်တော်ရဲ့ စာရေးစားပွဲကနေ ကြည့်ရင်လည်း စစ်ကိုင်းတောင်လို တောင်မျိုးနဲ့ စေတီပုထိုးလေးတွေကို မြင်ရမယ်။ ဟိုး . . . အရင်က ဖြစ်ချင်ခဲ့တဲ့ဆန္ဒအတိုင်း ခုတော့ မမျှော်လင့်ဘဲ ဖြစ်လာတာတွေလေ . . .'

ဦးဇင်းရဲ့ စာရေးစားပွဲပတ်လည်က ပါဠိတော် စာအုပ်ကြီးတွေကိုရော၊ အပတ်စဉ်ထုတ် ဂျာနယ်တွေကိုပါ ကြည့်ရင်း တပည့်တော်ရဲ့ ကျေးဇူးရှင် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ကြီးကို လှမ်းသတိရနေမိပါသေးတယ်။ တစ်ခါက ဆရာတော်ကြီးရဲ့ စားပွဲပေါ်မှာ တင်ထားတာက လောကီဆေးကျမ်းစာအုပ်ထူကြီး တစ်အုပ်လေ . . .။

'ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို မကုန်ကုန်အောင် ဖတ်မယ်။ ဒီကနေ့အထိ မပြီးသေးပေမယ့် တစ်နေ့နေ့မှာ ပြီးအောင် ဖတ်မယ်'

ဆိုတဲ့ ဦးဇင်းရဲ့ စကားကို နားထောင်ရင်း ကျေးဇူးတော်ရှင် သီတဂူဆရာတော်ဘုရားကြီးရဲ့ 'အများရဲ့ လမ်းညွှန်ခေါင်းဆောင်ကောင်း လုပ်မယ့်သူဟာ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးကအစ အားလုံးသိ

http://www.dhammadownload.com

အောင် လုပ်ထားကြရမယ်' ဆိုတဲ့ စကားသံကိုပါ နားမှာ ကြားယောင်နေခဲ့မိပြန်ပါတယ်။

ဆရာတော်လေးရေ . . .

ဦးဇင်းရဲ့ မနှစ်က မွေးနေ့မှာ သိန်း ၂၀၀ ကျော်နဲ့ ဒီနှစ်မွေးနေ့မှာ သိန်း ၂၀၀ ကျော် လှူခဲ့တာ၊ ပြီးတော့ တပည့်တော် အပါအဝင် မိတ်ဆွေတွေ၊ ဆရာတော်တွေ၊ သံဃာတော်တွေကို နေရာမရွေး၊ ပုဂ္ဂိုလ်မရွေး ဦးဇင်းလှူနေတာ၊ ဖျာပုံမှာ စာသင်တိုက်ကျောင်းဆောင်အတွက် လှူတာ၊ ရေနံချောင်းမှာ ရေတွင်းရေကန်တွေနဲ့ မျက်စိခွဲစိတ်လှူတာ၊ ပြင်ဦးလွင် နှီးဘုရားကြီးရဲ့ မျက်လုံးတော်လှူတာ၊ မကြာမီ ဦးဇင်းဦးဆောင်လှူဒါန်းပြီး ပြုပြင်တည်ထားတဲ့ တောင်တွင်းကြီး ဆတ်သွားက ဘုရားစေတီအတွက် ထီးတော်လှူမှာ၊ သထုံမှာ မျက်စိခွဲစိတ်လှူမှာ၊ ဦးဇင်းရဲ့အောက်ကျောင်း (မြစိမ်းကျောင်း) မှာ သိန်းတစ်ထောင်ကျော်တန် စာသင်ဆောင်တွေဆောက်ပြီး တစ်ကျောင်းတိုက်လုံးကို သာမဏေကျော်စာသင်တိုက်အဖြစ် အပြီးရေစက်ချ လွှဲပြောင်းလှူမှာ . . .

ဦးဇင်း လှူမှာနဲ့ လှူနေတာတွေကို အဝေးကနေ သိရတိုင်း မြတ်နိုးကြည်ညိုစွာ သာဓုခေါ်နေရပါတယ်။ လွန်ခဲ့တဲ့ ၅ နှစ်က တပည့်တော် စာအုပ်ရိုက်ဖို့ နဝကမ္မ (ဝတ္ထု

http://www.dhammadownload.com

ငွေ) လုံး၀ မရှိလို့ ဦးဇင်း ၀တ္ထုငွေ ၅ သိန်း လှူခဲ့တာကို တပည့်တော် အခုထိ မမေ့သေးပါ။

တပည့်တော်တို့ ဘုန်းကြီးတွေဟာ 'အလှူခံ' သာ အဖြစ်များကြပေမယ့် 'အလှူပေး' တော့ အဖြစ်နည်းတတ်ကြပါတယ်။ ဘုန်းကြီးတစ်ပါးက ဘုန်းကြီးတစ်ပါးကို လှူတာကတော့ ပိုပြီးတော့တောင် ဖြစ်တောင့်ဖြစ်ခဲပါ။ ဦးဇင်းထက် ဘုန်းကံတွေရော၊ ငွေကြေးတွေပါ များစွာသာလွန်တဲ့ ဘုန်းကြီးတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ သိန်းရာချီပြီး လိုအပ်တဲ့နေရာကို လိုအပ်သလို လှူခဲ့တယ်ဆိုတာကိုတော့ သိပ်မကြားရသလိုပါပဲ။

ဦးဇင်းကို ကြည်ညိုအားကျစိတ်နဲ့အတူ တပည့်တော်လည်း အတုယူ ကျင့်သုံးနေရင်း နေရာဒေသ အသီးသီးမှာ ၅ နှစ်အတွင်း သိန်း ၇၀ လောက် လှူဒါန်းနိုင်ခဲ့ပါပြီ။ အဲဒါဟာ ဦးဇင်းရဲ့ အသံတိတ် သင်ပြပေးခဲ့မှုကြောင့်ပါ။ ဒီအတွက် ကျေးဇူးကမ္ဘာပါနော်။

'ယူလိုက်ရတဲ့ လောဘထက်

လှူလိုက်ရတဲ့ ပီတိကမှ ပိုကောင်းပါတယ် . . .'

ဆိုတဲ့ စကားလည်း ရှိရဲ့ မဟုတ်လား။

ဆရာတော်လေးရေ . . .

ဦးဇင်း အလတ်တန်းအောင်ပြီးစ၊ ပထမကြီးရဲ့

http://www.dhammadownload.com

ပထမကျော် ဖြစ်ခါနီးကာလမှာ တပည့်တော်တို့ တွေ့ခဲ့ကြ ရတာပါနော်။ 'ဦးဇင်း ခုလို ၃ ထပ်ကွမ်း လူရည်ချွန်၊ ၆- ဘာသာဂုဏ်ထူးရှင် ဖြစ်လာအောင် စာတွေ ဘယ်လို ကျက် မှတ်ခဲ့တာလဲ . . .' လို့ တပည့်တော် မေးခဲ့ဖူးတာ မှတ်မိ နေပါသေးတယ်။

အစ အဆုံးမကျန် ကျက်မှတ်တာ၊ စိတ်နဲ့ ကျက် မှတ်တာ၊ စိတ်ပါဝင်စားစွာ တကယ်လုပ်တာ၊ ပြီးတော့ စာ ဖြေပုံ စနစ်ကျတာ . . . စသည်ဖြင့်ပေါ့။ စနစ်တကျ စာ ဖြေတဲ့စနစ်ဟာ ဒီကနေ့ ဦးဇင်း စာရေးတဲ့အခါမှာ အဓိက အရေးပါလာတယ်လို့ ထင်ပါတယ်နော်။

ဦးဇင်း ရေးမယ့်စာတွေကို စနစ်တကျ အကွက်ချ စီစဉ်ပြီး အခန်းခွဲတာ၊ အကွက်ချ စီစဉ်ပြီး ခေါင်းစဉ်ငယ် တပ်တာ၊ မျက်နှာဖုံးနဲ့ ရေခံပုံနှိပ်တာတွေက အစ စေ့စပ် သေချာ တိကျ သပ်ရပ်နေတာတွေက ဦးဇင်းရဲ့ ပညာကို သက်သေပြနေသလိုပါပဲ။

'စူဠသုဘဒ္ဒါသုတ္တန်' ကို တပည့်တော်က 'သံဃာ့ ဂုဏ်ရည်' လို့ အမည်တပ်ပြီး ဟောတယ်၊ စာအုပ်ထွက် တယ်၊ ဟော . . . ဦးဇင်းကျတော့ 'အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ' တဲ့။ တပည့်တော်မှာ မျက်စိတောင် လည်သွားခဲ့ရပါသေးတယ်။

http://www.dhammadownload.com

'သြော် . . . ပြောတတ်လိုက်တာ၊ ရေးတတ်လိုက်တာ၊ လူစိတ်ဝင်စားပြီး မှတ်သားဖွယ်ရာဖြစ်အောင် မြင်တတ်လိုက်တာ၊ ဒါ့ကြောင့်လည်း တော်ပေ ကျော်ပေတာပဲ' လို့ တွေးပြီး ဦးဇင်းရဲ့ ပညာဉာဏ် ဂုဏ်သတ္တိတွေကို လှမ်းပြီး ကြည်ညိုမိလိုက်ရပြန်ပါသေးတယ်။

ဆရာတော်လေးရေ . . .

တပည့်တော်နဲ့ ဦးဇင်း အမရပူရ မဟာဂန္ဓာရုံ နှစ် ၁၀၀ ပြည့်ပွဲတော်မှာ အတူတွေ့ကြတော့ စကားစပ်မိကြရင်း တရားဟောတဲ့အခါ၊ စာအုပ်ရေးတဲ့အခါ 'ဘုရားဂုဏ်တော် 'ပွားပုံ' နဲ့ပတ်သက်လို့ အထူး ဟောပေး၊ ရေးပေးစမ်းပါဦး' လို့ တပည့်တော် တိုက်တွန်းတောင်းပန်ခဲ့ဖူးပါတယ်။

တပည့်တော်ရဲ့ ပန်ကြားချက်အတိုင်းပဲ မကြာမီ ဦးဇင်း တရား ၂ ပုဒ်ဟောပြီး စာတစ်အုပ် ရေးဖြစ်လာပါတယ်။ အဲဒါကတော့ 'လိုတရနှလုံးသား' ပါ။ ဦးဇင်းရဲ့ စာအုပ်တွေထဲက တပည့်တော် အကြိုက်ဆုံးလက်ရာပဲ ဆိုပါတော့။ ပြောပြချက်လေးတွေ လှပလွန်းလို့ ကြိုက်နှစ်သက်ရာစာကြောင်းလေးတွေ မင်နီတားလိုက်တာ တစ်အုပ်လုံးနီးပါးဖြစ်သွားရတဲ့အထိပါပဲ။

ပြောချင်တာက အဲဒီစာအုပ် စရိုက်စဉ်တုန်းက

http://www.dhammadownload.com

မျက်နှာဖုံးမှာ ကာလာရောင် ပင်လွဲနေတာလေ။ တစ်ကြိမ် ရိုက်ရင် အုပ်ရေ ၃ သောင်းအထိ ရိုက်ရတဲ့ ဦးဇင်းရဲ့အဲဒီ စာအုပ်ဖုံးတွေကို ဦးဇင်း ကိုယ်တိုင် မျက်စိအားနည်းနေတဲ့ ကြားက တစ်ရွက်ချင်း စစ်ဆေးနေခဲ့တာကို ခုထက်ထိ မြင်ယောင် ကြည်ညိုနေမိတုန်းပါပဲ။

ဘာကိုပဲလုပ်လုပ် စေ့စေ့စပ်စပ်၊ စူးစူးစိုက်စိုက်၊ သပ်ရပ်ကျန၊ သေချာတိကျစွာ ဆောင်ရွက်တတ်တဲ့ ဦးဇင်း ရဲ့ ဇွဲလုံ့လ၊ ဝီရိယနဲ့ အပင်ပန်းခံမှု၊ စေ့စပ်မှုတွေအတွက် အားကျမှု၊ ကျင့်သုံးမှု ဖြစ်ခဲ့ရပါတယ်။ အဲဒီလို စေ့စပ်သေ ချာ သပ်ရပ်တိကျမှုတွေကြောင့်ပဲ ဦးဇင်းရဲ့ စာအုပ်တွေ ထွက်လာတိုင်း ဒီစာအုပ်က ကောင်းလား မကောင်းလားလို့ မေးစရာ မလိုတော့ဘဲ ထွက်သမျှ တိုက်ရိုက် ဝယ်ဖတ်နေ ကြရတော့တာပဲပေါ့။

တပည့်တော်ရဲ့ ဒဿနစာကြောင်းလေးတစ်ခု ရှိပါတယ်။

'ဘာပဲလုပ်လုပ်
စေတနာကောင်းလေး ထည့်လုပ်ပါ'
'ဘာပဲရောင်းရောင်း
စေတနာကောင်းလေး ထည့်ရောင်းပါ . . . ' တဲ့။

စေတနာမှန်လို့ လုပ်ရပ်မှန်ကြရင် အကျိုးပေး

http://www.dhammadownload.com

လည်း သန့်ကြတော့တာပဲ မဟုတ်ပါလား။

ဆရာတော်လေးရေ . . .

ဦးဇင်းရဲ့ စာပိုဒ် တော်တော်များများကို တပည့်တော် အလွတ်ရနေတတ်ပါတယ်လို့ ပြောရင် ဦးဇင်း ယုံပါ့မလား။

'စိတ်ကောင်းထားရင် ချမ်းသာမယ်'
'စိတ်ကောင်းမထားရင် ဆင်းရဲမယ်'

'မမေ့တဲ့သူတွေက သံယောဇဉ် ဖြတ်နိုင်ကြတယ်'
'မေ့တဲ့သူတွေက သံယောဇဉ် မဖြတ်နိုင်ကြဘူး'

'မိဘထက် ကိုယ့်အပေါ် ပိုကျေးဇူးကြီးတာ
ကိုယ့်ရဲ့ စိတ်ကောင်းပါ'

'ပန်းမျိုးစုံမှ ဥယျာဉ်ပိုလှသလို
ကုသိုလ်မျိုးစုံမှ ဘဝပိုလှပါတယ်'

'မိုက်နေပါလျက် မိုက်မှန်းမသိရင်
ဘယ်တော့မှ ကောင်းမလာနိုင်တော့ပါဘူး'

http://www.dhammadownload.com

'အသိဉာဏ် ကြီးသူတိုင်း
တရားမမွှန်နဲ့ မွေ့လျော် ပျော်ပိုက်ကြပါတယ်'

'ကိလေသာကင်းလေ တင့်တယ်လေ
အသိဉာဏ်ကြီးလေ ခံ့ညားလေ'

'စကားဆိုတာ
အခွန်းရေများဖို့ အဓိကမဟုတ်၊
တစ်ခွန်းဆို တစ်ခွန်း
အနှစ်ပြည့်ဖို့က အဓိက'
စတာ . . . စတာလေးတွေပေါ့။

တပည့်တော်ရဲ့ စစ်ကိုင်းရွှေဟင်္သာမှာရှိတဲ့ စာရေးစားပွဲ ရှေ့တည့်တည့်မှာရော၊ ကျောင်းအဝင်ဝ နံရံမှာပါ ကပ်ထားတဲ့ စာကြောင်းလေး တစ်ကြောင်းကို ဦးဇင်း သိရင် အံ့သြသွားမလားပဲ။ ဒီလိုလေ . . .။

'သေခြင်းတရားနဲ့
အစမ်းသပ် မခံရဲရင်
သူတော်ကောင်း မဟုတ်သေး . . .' တဲ့။

ဒီစာကြောင်းလေးကို တွေ့ဖူးပါသလား။ အဲဒါ ဦးဇင်းရဲ့ 'ဆေးပေါင်းခတဲ့မျက်ရည်' ဆိုတဲ့ စာအုပ်မှာပါတဲ့

http://www.dhammadownload.com

'သေခြင်းတရားသည် သူတော်ကောင်းတို့၏ မိတ်ဆွေ' တရားတော်ထဲက ကောက်နုတ်ချက်လေးပါ။

သာသနာပြုတဲ့နေရာမှာ ကိုယ့်စွမ်းရာက ကိုယ်ပြုနေကြတာများ ဦးဇင်းကတော့ စာရေးရာမှာရော၊ တရားဟောရာမှာပါ ပရိသတ်အပေါ် လွှမ်းမိုးနိုင်တာ သိပ်အံ့သြစရာ ကောင်းလှပါတယ်။

တစ်ခါက တပည့်တော် မြို့ထဲတစ်နေရာမှာ လမ်းလျှောက်သွားရင်း လက်ဖက်ရည်ဆိုင်မှာ ဆံရှည် ကျစ်ဆံမြီးနဲ့ လမ်းသရဲလို ကောင်လေးတစ်ယောက် လက်ဖက်ရည်သောက်ရင်း စာဖတ်နေတာ တွေ့ခဲ့ရဖူးပါတယ်။ သူဖတ်နေတာက 'ရဟန်းဘာကြောင့်ပြုရတယ်' တဲ့ . . . ကဲ။

ဦးဇင်းရဲ့ စာတွေကို နှစ်နှစ်ခြိုက်ခြိုက်၊ စွဲစွဲမက်မက် ဖတ်နေကြတဲ့သူတွေထဲမှာ အဲဒီလိုကလေးတွေတောင်မှ ပါကြပါတယ်။အဲဒီကလေးတွေအထိ ရောက်အောင် ပို့ဆောင်ပေးခဲ့တဲ့ ဦးဇင်းရဲ့ ဓမ္မပါရမီ၊ ပညာပါရမီ ကုသိုလ်ထူးတွေကို တပည့်တော် ရည်စူးပြီး အားကျကြည်ညိုနေမိပါတယ်။

'လူဖြစ်ရကျိုးနပ်လိုက်တာ၊ ရဟန်းဖြစ်ရကျိုးနပ်လိုက်တာ'

တပည့်တော် စာရေးရာမှာ စာအုပ်တော်တော်

http://www.dhammadownload.com

များများ ထွက်၊ အုပ်ရေ တော်တော်များများ ပျံ့ပြီးဖြစ်ပေမယ့် ဦးဇင်းရဲ့ စာတစ်အုပ်စာလောက်မျှတောင် ရှိဦးမယ် မထင်ပါ။ ဒါ့ကြောင့် ကျမ်းစာရေးရင်း သာသနာအထူးပြုနိုင်တဲ့ ဦးဇင်းရဲ့ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရငွေ ပဒေသာပင်မှာ ၂ သိန်းတိတိ လှူခဲ့ပြီး ဖြစ်ပေမယ့် အနည်းဆုံး ၁၀ သိန်းပြည့်အောင် တပည့်တော်လှူဖို့ ကြိုးစားနေပါတယ်။

ဘုန်းကံပါရမီကြီးမားတဲ့ ဦးဇင်းအတွက်တော့ ငွေ ၁၀ သိန်းဟာ ဘာမှဖြစ်လောက်မှာ မဟုတ်ပေမယ့် တပည့်တော်အနေနဲ့တော့ တကယ့် ချစ်ခင်ကြည်ညိုလေးစားစိတ်၊ မုဒိတာထား ဝမ်းမြောက်ကြည်နူးစိတ်တွေ အပြည့်အဝနဲ့ လှူမှာပါ။

ဦးဇင်းကိုတောင် တစ်ခါက တပည့်တော် ပြောခဲ့ဖူးပါသေးတယ်။

'ဦးဇင်းရေ . . . တပည့်တော်ကို ဦးဇင်း မဖြစ်မနေ ကြည်ညိုရမှာက တပည့်တော်ရဲ့ ရင်ထဲက မုဒိတာစိတ်လေ . . .၊ ဦးဇင်း အောင်မြင်နေတာ၊ သာသနာပြုနိုင်နေတာ၊ ကြည်လင်ရွှင်ပျနေတာကို ကြည့်ပြီး တပည့်တော် အရမ်းကြည်နူးကျေနပ်နေတာပါ။ ဦးဇင်း စာအုပ်လေးတွေ ထွက်လာရင် ကိုယ့်စာအုပ်လေး ထွက်လာတာထက်တောင်

http://www.dhammadownload.com

ပိုပြီး ကျေနပ်ပီတိဖြစ်နေခဲ့ရတာပါ'

ဆိုတာလေ . . .။

ဆရာတော်လေးရေ . . .

မတ်လ ၁ ရက်မှာ ရွှေပါရမီတောရကျောင်းလေးကို ဒုတိယအကြိမ်မြောက် တစ်ခေါက်ရောက်ခဲ့ရပြီး ဦးဇင်းနဲ့ ချစ်ခင်ရင်းနှီးစွာ နေခဲ့ကြ၊ ပြောခဲ့ကြတာတွေကို ပြန်တွေးနေမိပါတယ်။

သထုံ ရွှေစာရံ အလင်းစေတမန်တရားပွဲမှာ အရင်က တခြားတရားတစ်ပုဒ် ဟောဖို့ ရည်မှန်းခဲ့ပြီး ဖြစ်ပေမယ့် ရွှေပါရမီတောရရဲ့ ကျောက်လမ်းလေး အဆင်းအထိ လိုက်ပို့ပြီး ည ၇ နာရီ မှောင်ရိပ်ထဲမှာ ပြန်ကြွသွားတဲ့ ဦးဇင်းကို သတိတရ ဂုဏ်ပြုတဲ့အနေနဲ့ တရားအမည်ကို ပြောင်းလွှဲပြီး တပည့်တော် ဟောခဲ့ပါတယ်။ တပည့်တော် ဟောခဲ့တဲ့တရားက 'သာသနာဘယ်လိုပြုမလဲ' တဲ့။

အသောကကုမာရဝတ္ထုနဲ့ နိဂြောဓသာမဏေရဝတ္ထု ၂ ပုဒ်တို့ကို စရနယ်ပြီး ဟောခဲ့တာပါ။ ဘာ့ကြောင့် ဒီတရား ဟောဖြစ်ခဲ့ရတာလဲဆိုတော့ ဒီတရားတစ်ပုဒ်လုံးရဲ့ အနှစ်သာရက နိဂြောဓ သာမဏေလေးက မိစ္ဆာဒိဋ္ဌိ အသောက ရှင်ဘုရင်ကြီးကို သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ သာသနာပြုမင်းအဖြစ်ရောက်အောင် 'အပ္ပမာဒေါ အမတံ ပဒံ'

http://www.dhammadownload.com

ဂါထာလေးနဲ့ ဟောပြခဲ့တာမို့ပါ။

ပြီးတော့ သထုံသား ရှင်အရဟံက အရိမဒ္ဒနပူရ ပေါက္ကံပြည်က ဘုရင် အနော်ရထာကို ဒီဂါထာလေးနဲ့ပဲ ဗုဒ္ဓသာသနာအတွင်း ချဉ်းနင်းဝင်ရောက်လာအောင် ဟောပြခဲ့တာတွေကို သတိတရ ရှိခဲ့ရလို့ပါပဲ။

ဒီ့ထက်ပိုတာကတော့ ဦးဇင်း တစ်ခါက ရေးခဲ့ဖူးတဲ့ စာသားလေးကို အထူး သတိရလိုက်မိလို့ပါ။

*ညဉ့်နက်ပိုင်း သန်းခေါင်ယံအချိန် . . .*

*စာရေးသူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတုန်း တစ်စုံတစ်ယောက်က အတင်းလှုပ်နှိုးပြီး . . .*

*'ဟေ့ . . . ဆန္ဒာဓိက၊ ပိဋကတ်သုံးပုံထဲမှာ မင်း အကြိုက်ဆုံးဂါထာ ဘယ်ဂါထာလဲ'*

*လို့ မေးရင် 'အင်း . . . အဲ' နဲ့ တွေဝေစဉ်းစားမနေဘဲ မဆုတ်မဆိုင်း ချက်ချင်းဖြေလိုက်ပါမယ်။*

*'ဓမ္မပဒထဲက . . အပ္ပမာဒေါ အမတံ ပဒံ . . . ဂါထာပါ' လို့။*

စိတ်အားဖြည့်ဓမ္မပဒစာအုပ်ထဲက ဒီစာပိုဒ်လေးကို ဖျတ်ခနဲ အမှတ်ရမိတာနဲ့ပဲ ဒီတရားကို တမင် ပြောဟောခဲ့တာပါ။

'အပ္ပမာဒေါ အမတံ ပဒံ' ဂါထာကို စတင် ဟော

http://www.dhammadownload.com

ပြောခဲ့တဲ့ မြတ်စွာဘုရားကိုရော . . .

'အပ္ပမာဒေါ အမတံ ပဒံ' ဂါထာကို ဟောရင်း သာသနာတစ်ခေတ် ဆန်းသစ်စေခဲ့တဲ့ နိဂြောဓ ရှင်သာမဏေလေးနဲ့ ရှင်အရဟံမထေရ်မြတ်ကိုရော . .

ဘဝမှာ အကြိုက်ဆုံးဂါထာအဖြစ် သတ်မှတ်ထားခဲ့တဲ့ ဦးဇင်းကိုပါ . . .

အမှတ်တရ ပူဇော်ကြည်ညိုစိတ်တွေနဲ့ သီးသန့်ဟောပြ ပူဇော်ခဲ့တာပါ။

ဆရာတော်လေးရေ . . .

'ဦးဇင်းဆီကို တပည့်တော် စာတွေ ရေးနေတာက တော့ အကြိမ်ကြိမ် အခါခါပါပဲ။ ဒါပေမဲ့ စိတ်ထဲမှာပဲလေ။ တကယ်မှ မရေးဖြစ်ခဲ့တာ'

ဟော . . . အခု ရေးမယ့် ရေးဖြစ်တော့လည်း တော်တော်တောင်မှ ရှည်သွားခဲ့ပါပြီ။ ရေးပြီးသမျှ ဒီစာတွေအားလုံးဟာ တပည့်တော်ရဲ့ ရင်ထဲက တကယ့်စကားတွေချည်းပါပဲ။ ရင်ဘတ်ထဲက စကားတွေချည်းပဲ ဆိုပါတော့။

ဒီစာရှည်ကြီးကို ဦးဇင်းဖတ်နေရတဲ့ အချိန်ဟာ ဦးဇင်း ရခိုင်ပြည် တောင်ကုတ်ကို တရားပွဲကြွရင်း ဖြစ်ကောင်းဖြစ်နေမယ့်ရက်မှာပါ။ အဲဒီရက်မှာ တပည့်တော်လည်း လက်ပံတန်း စွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနိယ

http://www.dhammadownload.com

ပွဲ တရားပွဲကို ကြွနေလောက်ပါပြီ။

လာမယ့်နှစ် ဝါဆိုမှာ ဦးဇင်းက အမေရိကမှာ သွား ဝါဆိုနေမှာ။ တပည့်တော်ကတော့ စစ်ကိုင်းတောင်မှာ ပဲ ဝါဆိုမှာမို့ တစ်ယောက်တစ်နယ်ဆီမှာနေ . . . ပိတောက် နဲ့ ချယ်ရီပမာတွေပဲပေါ့။

ဒါပေမဲ့ ဦးဇင်းရေ . . .

ဦးဇင်းနဲ့ တပည့်တော်ဟာ 'အနေဝေးပေမယ့် အဝေးနေ မဟုတ်ပါ' ဘူးနော်။

မှတ်ချက် ။ ။ ဒီစာနဲ့အတူ ဦးဇင်းရဲ့ ကျမ်းစာအုပ် ထုတ်ဝေရေးအတွက် တပည့်တော် အလှူ ၅ သိန်းပြည့်အောင် နောက်ထပ် ၃ သိန်း ပို့လှူခဲ့ပါတယ်ဘုရား . . .။

ဆရာတော်လေး ကျန်းမာသက်ရှည်စွာဖြင့် သာသနာပြုနိုင်ပါစေသတည်း . . .။

အနေဝေးပေမယ့်

အဝေးနေမဟုတ်တဲ့ . . .

နှောင်တော်

အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရ)

၄-၃-၂၀၀၆

http://www.dhammadownload.com

မျက်စိရှေ့မှာ ရှိနေပေမယ့်
စိတ်ထဲမှာ မရှိရင်
နီးလျက် ဝေးနေပါတယ်။
မျက်စိရှေ့မှာ မရှိပေမယ့်
စိတ်ထဲမှာ ရှိနေရင်
ဝေးလျက် နီးနေပါတယ်။
မျက်စိရှေ့မှာ ရှိဖို့ထက်
စိတ်ထဲမှာ ရှိဖို့က
ပိုအရေးကြီးပါတယ်။
နားလည်မှုအပြည့်ပါတဲ့
မေတ္တာတရားသာရှိရင်
စိတ်ထဲမှာ အမြဲရှိနေမှာပါ။

http://www.dhammadownload.com



# ဘယ်လောက်ဝေးဝေး နီးနီးလေး

## သတိရတိုင်း အနားမှာရှိတယ်

ဒီနေ့ ဟောမယ့်တရားခေါင်းစဉ်က ဘာတဲ့လဲ။ 'ဘယ်လောက်ဝေးဝေး နီးနီးလေး' တဲ့။

'အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ' နဲ့လည်း သဘောချင်းမတူဘူးလား။'ဝေးကွာတိုင်း ကွာဝေးရမှာလား' နဲ့လည်း သဘောချင်း တူပါတယ်။ ခေါင်းစဉ်ရဲ့ အခြေခံ သဘော တူတာကို ပြောတာပါ။ အချက်အလက်တွေက တော့ မတူဘူးပေါ့။

ဒါပေမဲ့ ဒီနေ့ပြောမယ့် အချက်အလက်က သိပ်ကို ရိုးလွန်းစင်းလွန်းနေတယ်။ ရိုးစင်းလွန်းလို့ ဘာပြောရမှန်း တောင် မသိတော့ဘူးနော်။ လူတိုင်းပြောနေကျစကား ရှိ

http://www.dhammadownload.com

တယ်လေ။ လူချင်းဘယ်လောက်ဝေးဝေး စိတ်ချင်းနီးနေရင် နီးနီးလေးပါပဲ။ လူချင်းဝေးပေမယ့် စိတ်ချင်းနီးနေရင် တစ်ယောက်နဲ့တစ်ယောက် နီးနေတာပါပဲတဲ့။

အဲဒီစကားကိုပဲ မြတ်စွာဘုရားက ဟောထားတာ။ ယသ္မိံ မနော နိဝိသတိ။ ပုဂ္ဂိုလ်တစ်ယောက်ရဲ့အပေါ်မှာ စိတ်ရောက်နေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်နဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ တဲ့။ ဒီပါဠိလေးကိုပဲ တစ်နာရီပြည့်အောင် ဟောရမှာဆိုတော့ ဘယ်လိုလုပ်မတုံး။

လူတစ်ယောက်ကို ကိုယ်က သတိရနေရင် အဲဒီလူနဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးတဲ့။ သတိရခြင်းနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဟောရမှာပေါ့။

သတိရခြင်းနဲ့ ပတ်သက်လို့ အခုတရားနာ ပရိသတ်ထဲက တစ်ယောက်ကို ငါးမိနစ်စီ တက်ပြောရင် မကောင်းဘူးလား။ ဆယ့်နှစ်ယောက်လောက် ပြောလိုက်ရင် တစ်နာရီအချိန်လည်း ပြည့်ရောပေါ့နော်။ ဘုန်းကြီးဆိုတော့ သတိရခြင်းအကြောင်းက သိပ်မပြောတတ်ဘူးလေ။ ဘယ်လိုလုပ်မလဲ။ တတ်နိုင်သလောက်တော့ ကြိုးစားပြီး ပြောကြည့်တာပေါ့နော်။

လူတစ်ယောက်ကို သတိရနေရင် အဲဒီလူနဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ။

http://www.dhammadownload.com

သတိရတယ်၊ သတိရတယ် ဆိုတာကတော့မြန်မာ မှုနယ်ပယ်မှာ သုံးတဲ့စကားအတိုင်း ပြောတာပေါ့။ 'ယသ္မိံ မနော နိဝိသတိ' ကတော့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့အပေါ်မှာ စိတ်ရောက်နေတယ်၊ စိတ်သက်ဝင်နေတယ်။ စိတ်သက်ဝင် တယ်၊ စိတ်ရောက်တယ်ဆိုတာ မြန်မာလိုပြောတော့ သတိရ တာပါပဲ။

သတိရတယ်လို့ ဆိုပေမယ့် လူတစ်ယောက်ကို ကိုယ့်စိတ်ထဲမှာ မြင်နေတယ်၊ လူတစ်ယောက်ရဲ့ပုံရိပ် ကိုယ့် စိတ်ထဲမှာ ပေါ်နေတယ်ဆိုရင် သတိဟုတ်ရဲ့လား။ အရပ် သုံးသတိတော့ ဟုတ်တယ်။ ပိဋကတ်သုံးသတိတော့ မဟုတ် ဘူး။ ပိဋကတ်သုံးသတိကတော့ အရင်နေ့တွေတုန်းက ပြော ခဲ့ပြီးသားပါနော်။

လူတစ်ယောက်ကို သတိရတယ်ဆိုတာ အဲဒီလူရဲ့ ပုံရိပ် ကိုယ့်စိတ်မှာ ထင်နေတာပဲ။ စိတ်ရောက်တယ်၊ စိတ် ရောက်တယ်လို့ဆိုပေမယ့် စိတ်က ဟိုကို ရောက်သွားတာ ဟုတ်ရဲ့လား။ လူတစ်ယောက်ဆီမှာ စိတ်ရောက်သွားတယ် လို့ ပါဠိတော်ကလည်း တိုက်ရိုက်ပြထားတယ်။ ပြထားပေ မယ့် စိတ်က တကယ်အပြင်ထွက်ပြီးတော့ ရောက်သွားတာ မဟုတ်ပါဘူး။

ဟိုးအဝေးကြီးမှာရှိတဲ့ ကိုယ်ချစ်ခင်မြတ်နိုးတဲ့သူ၊

http://www.dhammadownload.com

ကိုယ်ကြည်ညိုလေးစားတဲ့သူဆီကို စိတ်ကလေးရောက်သွားတယ်။ စိတ်ကလေးက အဲဒီလူဆီကို တကယ်ရောက်သွားတာ မဟုတ်ဘူး။ အဲဒီလူရဲ့ ပုံရိပ်ကလေးက ကိုယ့်စိတ်မှာလာထင်တာ။

ဒါပေမဲ့ အဲဒီပုံရိပ်ကို အသုံးချတတ်လို့ရှိရင်တော့ သတိဖြစ်နိုင်တာပေါ့။ သမထပုံစံလေးနဲ့ အသုံးချရင် သမထသတိ၊ ဝိပဿနာပုံစံလေးနဲ့ အသုံးချရင် ဝိပဿနာသတိဖြစ်သွားပါတယ်။

ပုဂ္ဂိုလ်တစ်ယောက်ကို သတိရတယ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ မေတ္တာပို့လိုက်လို့ရှိရင် မေတ္တာသတိ၊ သမထသတိ ဖြစ်မသွားဘူးလား။ ဖြစ်သွားပါတယ်။

ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ပုံရိပ် ကိုယ့်စိတ်မှာ ထင်လာရင် မြင်တယ်၊ မြင်တယ်။ တကယ်မျက်စိနဲ့ တိုက်ရိုက်မြင်မှ မဟုတ်ဘူး။ စိတ်ထဲမှာ မြင်နေတာကို မြင်တယ်မြင်တယ် မှတ်လည်း ဝိပဿနာပဲ။

ဖြစ်ပျက်မြင်မှ ဝိပဿနာကတော့ ဖြစ်တာပေါ့။ ဒါပေမဲ့ ပထမဦးဆုံး သဘောကို သိမှ ဖြစ်ပျက်က မြင်တာဆိုတော့ သဘောကို သိဖို့ မြင်တယ် မြင်တယ် လို့ မှတ်ရပါတယ်။

တရားအားထုတ်တဲ့အခါ၊ တရားထိုင်တဲ့အခါကျ

http://www.dhammadownload.com

တော့ ဟိုလူပုံပေါ်လာ၊ ဒီလူပုံပေါ်လာ မရှိဘူးလား။ ရှိတယ်။ အဲဒါဆိုရင် အဲဒီလူနဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးပဲပေါ့နော်။

အဲဒီလို ပုံရိပ်တွေ ပေါ်လာရင်၊ မြင်ရင် မြင်တယ် မြင်တယ်လို့ မှတ်လိုက်ရမှာပါပဲ။ ပါးစပ်က မြင်တယ် မြင်တယ် ဆိုနေတာက အဓိက မဟုတ်ဘူး။ မြင်တဲ့သဘောလေးကို သေချာကြည့်၊ သေချာသိနေဖို့က အဓိက။ အဲဒါဆိုရင် ကိုယ့်စိတ်ထဲ မြင်နေတဲ့လူနဲ့ ပတ်သက်ပြီး ဝိပဿနာသတိ ဖြစ်သွားတယ်ပေါ့။

အဲဒီလိုဆိုရင် လူတစ်ယောက်ကို သတိရတာဟာ သတိအစစ်လည်း ဖြစ်နိုင်တာပဲ။ ကိုယ်အသုံးချတတ်မှ ဖြစ်တာနော်။ သမထပုံစံလေးနဲ့ အသုံးချလိုက်ရင် သမထသတိ၊ ဝိပဿနာပုံစံလေးနဲ့ အသုံးချလိုက်ရင် ဝိပဿနာသတိ ဖြစ်သွားတာပေါ့။

ရိုးရိုး သတိရရုံသက်သက်၊ ပုံရိပ်ထင်ရုံသက်သက် ဆိုရင်တော့ သတိဖြစ်ပါ့မလား။ မဖြစ်နိုင်ဘူးနော်။ အရပ်သုံးသတိတော့ ဖြစ်ချင်ဖြစ်မယ်၊ ပိဋကတ်သုံးသတိ၊ ဝိပ-ဿနာနယ်ပယ်သုံး သတိတော့ မဖြစ်နိုင်ဘူး။

ပုံရိပ်တွေ ထင်ထင်လာတာ မရှိဘူးလား။ အခု တရားနာနေရင်းတောင် ပုံရိပ်တစ်ခုခု ထင်ရင် ထင်နေမှာ

http://www.dhammadownload.com

နော်။ ဘာပုံရိပ်၊ ညာပုံရိပ် စသည်အားဖြင့်ပေါ့။ အိမ်ကလူကြီးပုံရိပ် ထင်ချင်လည်း ထင်နေမှာပေါ့။

သတိရခြင်း ဆိုတာတွေကို ဘဝမှာ ခဏခဏကြုံဖူးကြပါတယ်။ ပုံရိပ်တွေ ကိုယ့်စိတ်မှာ ခဏခဏထင်လာခဲ့ကြဖူးပါတယ်။ ပုံရိပ်စစ်တွေလား၊ ပုံရိပ်ယောင်တွေလား။ ပုံရိပ်ယောင်တွေ . . .၊ ပုံရိပ်စစ် မဟုတ်ဘူးပေါ့လေ။

ကိုယ့်ကို တကယ်ချစ်လို့ ချစ်ဟန်ပြတယ်ဆိုရင်တော့ ပုံရိပ်စစ်ပေါ့။ ကိုယ့်ကို တကယ်မချစ်ဘဲနဲ့ ချစ်ဟန်ဆောင်ခဲ့တယ်ဆိုရင်တော့ ပုံရိပ်ယောင်တွေပေါ့။

ပုံရိပ်ယောင်တွေချည်းပဲ များနေတယ်ဆိုရင်တော့ ကိုယ့်ကို ချစ်တဲ့သူ တစ်ယောက်မှ မရှိဘူးပေါ့။ နင်ကတော့ ငါ့ကို ပုံရိပ်ယောင်တွေ ထားရစ်ခဲ့တယ်လို့ မပြောကြဘူးလား။ ပြောကြတယ်။

ပုံရိပ်စစ်ပဲဖြစ်ဖြစ်၊ ပုံရိပ်ယောင်ပဲဖြစ်ဖြစ်၊ သတိရတယ်ဆိုတာ စိတ်မှာ ပုံရိပ်တွေ ထင်နေတာပါပဲ။ ကိုယ်သတိရတဲ့သူဆီ ကိုယ့်စိတ် တကယ်ရောက်သွားတာ မဟုတ်ပါဘူး။ ကိုယ်သတိရတဲ့သူက ကိုယ့်စိတ်မှာ ပုံရိပ်လာထင်တာပါ။

ဒါပေမဲ့ အရပ်သုံးစကားအတိုင်း၊ အရပ်သူအရပ်သားတွေကို ဟောနေတာဆိုတော့၊ မြန်မာစကားသုံးနှုန်းတဲ့

http://www.dhammadownload.com

မြန်မာလူမျိုးတွေကို ဟောနေတာဆိုတော့ မြန်မာမှုနယ်ပယ်မှာ သုံးနှုန်းတဲ့ စကားအတိုင်းပဲ 'သူ့ဆီ စိတ်ရောက်သွားတယ်' . . .၊ 'ဘယ်သူ့ဆီ စိတ်ရောက်သွားတယ်' . . . စသည်အားဖြင့် ပြောရမှာပေါ့။

အဝေးမှာနေသူ တစ်ယောက်ယောက်ဆီ စိတ်ရောက်သောအားဖြင့် သတိရနေရင် အဲဒီတစ်ယောက်ယောက်ဟာ ကိုယ်နဲ့ နီးနေပါတယ်။ အဲဒီတစ်ယောက်ယောက်နဲ့ ကိုယ်နဲ့ဟာ ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ။

လူတစ်ယောက်ကို သတိရလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီလူဟာ ကိုယ့်အနား ရောက်လာတော့တာပါပဲ။ မျက်စိရှေ့ ရောက်လာတာတော့ မဟုတ်ဘူး၊ စိတ်ရှေ့ ရောက်လာတာပေါ့။ စိတ်ထဲမှာ အဲဒီလူ ရှိနေတာဟာ ကိုယ့်အနားမှာ အဲဒီလူ ရှိနေတာနဲ့ အတူတူပဲလေ။

မျက်စိရှေ့မှာ ရှိနေပေမယ့် စိတ်ထဲမှာ မရှိရင် နီးလျက် ဝေးနေပါတယ်။ မျက်စိရှေ့မှာ မရှိပေမယ့် စိတ်ထဲမှာ ရှိနေရင် ဝေးလျက် နီးနေပါတယ်။ မျက်စိရှေ့မှာရှိဖို့ထက် စိတ်ထဲမှာ ရှိဖို့က ပိုအရေးကြီးပါတယ်။ မျက်စိရှေ့မှာလည်းရှိ၊ စိတ်ထဲမှာလည်း ရှိနေရင်တော့ အကောင်းဆုံးပေါ့။

http://www.dhammadownload.com

# သတိမှားရင် ပိဖြုးသွားမယ်

သတိရခြင်းက နှစ်မျိုးရှိပါတယ်။ ကိလေသာနဲ့ သတိရခြင်းနဲ့ ဘာဝနာနဲ့ သတိရခြင်းဆိုပြီးတော့ပေါ့။

ကိလေသာနဲ့ သတိရခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ သတိရခြင်းတွေ အများကြီးရှိပါတယ်။ တဏှာနဲ့ သတိရခြင်းရှိမယ်၊ ဒေါသနဲ့ သတိရခြင်းရှိမယ်၊ လောဘနဲ့ သတိရခြင်းရှိမယ်၊ မာနနဲ့ သတိရခြင်းရှိမယ်၊ ဣဿာနဲ့ သတိရခြင်းရှိမယ်၊ မစ္ဆရိယနဲ့ သတိရခြင်းရှိမယ် . . . စသည်အားဖြင့် ကိလေသာအမျိုးအစားရှိသလောက် သတိရခြင်း အမျိုးအစားတွေလည်း အများကြီးပါပဲ။

လူတစ်ယောက်ကို သတိရတယ်။ အဲဒီလူအပေါ်

http://www.dhammadownload.com

မှာ သာယာနှစ်သက် တပ်မက်တဲ့စိတ် ဖြစ်နေတယ်။ အဲဒါ ဆိုရင် တဏှာနဲ့ သတိရခြင်းပေါ့။ သူနဲ့ ပျော်ခဲ့ပါးခဲ့ ကြည်နူး ခဲ့တာလေးတွေကို ပြန်တွေးပြီးတော့ သတိရနေတယ်ဆိုရင် လည်း တဏှာနဲ့ သတိရခြင်း။

သူနဲ့ ဘယ်တော့ တွေ့ရမယ်၊ ဘယ်သွားမယ်၊ ဘာ လုပ်မယ်၊ ဘာပြောမယ်။ သာယာစရာလေးတွေ တွေးပြီး တော့ သတိရတယ်ဆိုရင် တဏှာနဲ့ သတိရခြင်း။

လူတစ်ယောက်ကို သတိရတယ်။ သူ့အပြစ်တွေ တွေးပြီးတော့ မကျေမနပ် ဖြစ်နေတယ်။ နာကြည်းမုန်းတီး တဲ့စိတ်တွေ ဖြစ်နေတယ်။ ဒါဆိုရင် ဒေါသနဲ့ သတိရခြင်း။

လူတစ်ယောက်ကို သတိရတယ်။ သူနဲ့ ကိုယ်နဲ့ ပြိုင်ပြီးတော့ စဉ်းစားနေတယ်။ ငါသူ့ထက်သာရမယ်၊ သူက ဘာမို့လို့လဲ။ သူနဲ့ ငါနဲ့ တန်းတူတယ်။ ဒီလို အတွေးတွေ တွေးနေမယ်ဆိုရင် မာနနဲ့ သတိရခြင်း။

ကိုယ့်ပြိုင်ဘက်ကို သတိရပြီးတော့ ကိုယ့်ပြိုင်ဘက် ကြီးပွားချမ်းသာတာကို မခံစားနိုင်တဲ့စိတ်၊ မနာလိုတဲ့စိတ်နဲ့ သတိရတယ်ဆိုရင် ဣဿာနဲ့ သတိရခြင်း။

လူတစ်ယောက်ကို သတိရတယ်၊ သူ့ကို ငါက ဘာ လို့ပေးရမှာလဲ၊ သူ့ကို ငါဘာမှ ပေးစရာမလိုဘူး၊ ငါ့လိုသူ မကြီးပွားစေရဘူး၊ ငါ့လို သူ မအောင်မြင်စေရဘူး၊ ဒါဆိုရင်

http://www.dhammadownload.com

မစ္ဆရိယနဲ့ သတိရခြင်း။

. . . စသည်အားဖြင့် ပုဂ္ဂိုလ်ရဲ့ စရိုက်လက္ခဏာပေါ် မူတည်ပြီးတော့ သတိရခြင်း အမျိုးမျိုး ရှိနိုင်ပါတယ်။ ကိလေသာ အမျိုးမျိုး တစ်မျိုးမဟုတ်တစ်မျိုးနဲ့ သတိရနေနိုင်တာပေါ့။

ဘာဝနာနဲ့ သတိရခြင်း ဆိုတဲ့နေရာမှာလည်း ကိုယ် သတိရတဲ့ပုဂ္ဂိုလ်ကို ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အစစအရာရာ အဆင်ပြေပါစေ၊ ထာဝရအေးချမ်းပါစေ . . . စသည်အားဖြင့် မေတ္တာပို့လိုက်မယ်ဆိုရင် မေတ္တာနဲ့ သတိရခြင်းပါပဲ။

လူတစ်ယောက်ကို သတိရတဲ့အခါမှာ သူ့အပေါ် ကူညီခဲ့တာတွေ၊ သူ့ကို လှူခဲ့တန်းခဲ့၊ ပေးခဲ့ကမ်းခဲ့၊ စွန့်ခဲ့ကြဲခဲ့တာလေးတွေကို ပြန်သတိရတယ်ဆိုရင်တော့ စာဂါနုဿတိနဲ့ သတိရခြင်း။ တစ်နည်းပြောရင်တော့ ဒါနနဲ့ သတိရခြင်းပေါ့။

ဘုရားကို သတိရလို့ ဂုဏ်တော်ပွားလိုက်တယ်ဆိုရင် ဗုဒ္ဓါနုဿတိနဲ့ သတိရခြင်း။

သံဃာကို အာရုံပုံရိပ်ထင်လာလို့ သံဃာ့ဂုဏ်ပွားလိုက်တယ်ဆိုရင် သံဃာနုဿတိနဲ့ သတိရခြင်း စသည်အားဖြင့် ဘာဝနာနဲ့ သတိရခြင်းကလည်း အများကြီးပါပဲ။

http://www.dhammadownload.com

လိုရင်းကတော့ ကိလေသာနဲ့ သတိရခြင်းရယ်၊ ဘာဝနာနဲ့ သတိရခြင်းရယ် . . . သတိရခြင်း နှစ်မျိုးရှိပါတယ်။ အဲဒီနှစ်မျိုးထဲက ကိလေသာနဲ့ သတိရခြင်းမှာ ခေါင်းဆောင်က တဏှာမို့လို့ ကျန်တာတွေကို ခေါင်းစဉ်မတပ်တော့ဘဲနဲ့ တဏှာနဲ့ သတိရခြင်းလို့ပဲ အတိအကျ ခေါင်းစဉ်တပ်လိုက်ကြရအောင်။

ဘာဝနာနဲ့ သတိရခြင်းမှာလည်းပဲ လူပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး သတိရတဲ့အခါမှာ မေတ္တာကသာ အဓိက ဖြစ်လေ့ရှိတာမို့လို့ မေတ္တာနဲ့ သတိရခြင်းလို့ပဲ အတိအကျ ခေါင်းစဉ်တပ်လိုက်ကြရအောင်။ ဒါဆိုရင် မေတ္တာနဲ့ သတိရခြင်း၊ တဏှာနဲ့ သတိရခြင်း ဆိုပြီးတော့ သတိရခြင်း နှစ်မျိုး ဖြစ်သွားတာပေါ့။

မကောင်းတဲ့ သတိရခြင်းမှာ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယတွေဖြစ်ပြီး သတိရတာလည်း ရှိတော့ရှိတယ်။ ကောင်းတဲ့သတိရခြင်းမှာ ဗုဒ္ဓါနုဿတိ၊ သံဃာနုဿတိ၊ စာဂါနုဿတိတွေဖြစ်ပြီး သတိရတာလည်း ရှိတော့ရှိတယ်။ ဒါပေမဲ့ များသောအားဖြင့် သတိရတယ်၊ သတိရတယ် ဆိုရင် တဏှာနဲ့ သတိရတာရယ်၊ မေတ္တာနဲ့ သတိရတာရယ်၊ ဒီနှစ်မျိုးက အဓိကပါပဲ။

တဏှာနဲ့ သတိရတယ်ဆိုတာကတော့ ပုဂ္ဂိုလ်တစ်

http://www.dhammadownload.com

ယောက်ကို သတိရလိုက်ပြီဆိုတာနဲ့ သူနဲ့အတူ ပျော်ခဲ့ပါးခဲ့ ကြည်နူးခဲ့တာတွေ၊ ပြောခဲ့ဆိုခဲ့ ရယ်မောခဲ့တာတွေ၊ သာယာမှု ခံစားခဲ့ရတာတွေ၊ ကြည်နူးချမ်းမြေ့ခဲ့ရတာတွေ ပြန်သတိရတယ်။ ဒါက အတိတ်ကို ပြန်သတိရတာပေါ့။

အနာဂတ်အနေနဲ့ သူနဲ့ တွေ့လို့ရှိရင် ဘယ်သွားမယ်၊ ဘယ်လာမယ်၊ ဘာလုပ်မယ်၊ ဘာစားမယ် စသည်အားဖြင့် သတိရတယ်။ အဲဒါဆိုရင် တဏှာနဲ့ သတိရတာပါပဲ။ ဟိုတုန်းက အတူတူတွေ့ဆုံစဉ်တုန်းက ပြောခဲ့ဆိုခဲ့တာတွေ သတိရတယ်။ အခုလောလောဆယ်လည်း . . . အခြေအနေမပေးလို့ ဝေးနေရပေမယ့် ချက်ချင်းကို တွေ့လိုက်ချင်တယ်။

'တောင်ပံပါရင် မင်းဆီကို' ဆိုတဲ့အတိုင်း တောင်ပံလေးသာပါရင် ကိုယ်ချစ်တဲ့သူဆီ ပြေးပြီးတော့ကို သွားလိုက်ချင်တာ။ ကိုယ့်တောင်ပံပါမှ မဟုတ်ဘူး၊ သူ့တောင်ပံပါရင်လည်း ကိုယ့်ဆီကို အပြေးလေး လာခဲ့စေချင်တယ်။ အခုချက်ချင်းကိုပဲ ကိုယ်ချစ်တဲ့သူနဲ့ တွေ့ချင်လောက်အောင်ကို သတိရနေတာမျိုးတွေ မရှိဘူးလား။ ရှိတယ်နော်။

စွဲလမ်းမှု ပြင်းထန်ရင် ပြင်းထန်သလောက်၊ သံယောဇဉ်ကြီးရင် ကြီးသလောက်၊ ကိုယ်ချစ်တဲ့သူနဲ့ အချိန်

http://www.dhammadownload.com

တိုင်းကို တွေ့ချင်နေတာ။ ကိုယ်သတိရလိုက်တဲ့အချိန်မှာ ကိုယ်ချစ်တဲ့သူနဲ့က ဝေးနေ၊ တွေ့ခွင့်ကလည်း မကြုံတော့ ဝမ်းနည်းတဲ့စိတ်ပါ တွဲပြီးတော့ မဖြစ်ဘူးလား။

အဲဒါ တဏှာနဲ့ သတိရတာကနေ ဒေါသပါ တွဲပါလာတော့တာ။ ဝုန်းဒိုင်းကျဲ ပေါက်ကွဲတဲ့ဒေါသတော့ မဟုတ်ဘူး။ စိတ်ညစ်တဲ့ ဒေါသလို့ခေါ်တဲ့ အပျော့စားဒေါသပေါ့။ စိတ်ဆင်းရဲနေတယ်၊ ဝမ်းနည်းနေတယ်၊ ကြေကွဲနေတယ်၊ လွမ်းဆွတ်နေတယ်။ ဒါတွေဟာ ဒေါသပါပဲ။ 'ကိုယ်ကြေကွဲနေပြီ' ဆိုတာရော မရှိဘူးလား။

အဲဒီလိုအားဖြင့်ပေါ့လေ။ ကိုယ်ချစ်တဲ့သူကို သတိရတယ်။ ချစ်တဲ့ အခြင်းအရာအားဖြင့် သတိရတယ်။ လွမ်းတဲ့အခြင်းအရာအားဖြင့် သတိရတယ်။ ချစ်တာက တဏှာ၊ လွမ်းတာက ဒေါသ။ ချစ်တဏှာနောက်မှာ လွမ်းဒေါသက ကပ်ပါလာတော့တာပါပဲ။

ချစ်တဏှာနဲ့ သတိရတော့ တဏှာရဲ့ ထောင်းထုမှုဒဏ်ကြောင့် ကိုယ့်စိတ် ပိပြားကြေမွသွားတယ်။ လွမ်းဒေါသနဲ့ သတိရတော့ ဒေါသရဲ့ ထောင်းထုမှုဒဏ်ကြောင့် ကိုယ့်စိတ် ပိပြားကြေမွသွားတယ်။ 'သတိများရင် ပိပြားသွားမယ်' လို့ပဲ ပြောရမှာပေါ့။ ကိလေသာနဲ့ သတိရနေတာဟာ ကိုယ့်စိတ် ပိပြားကြေမွနေတာပါပဲ။

http://www.dhammadownload.com

# အမှန်ပြောရင် သံယောဇဉ်လည်း ပူလောင်တယ်

အဲဒီတော့ တဏှာနဲ့ သတိရတယ်ဆိုရင် စိတ်အေးချမ်းသလား၊ စိတ်ပူလောင်သလား။

'စိတ်ပူလောင်ပါတယ်ဘုရား'

သတိရဖူးတယ်ပေါ့လေ။

ဒကာကြီးဦးမင်းသိန်းသောင်း သတိရဖူးလား။

'ငယ်ငယ်ကပါဘုရား'

အံမယ် . . . ငယ်ငယ်ကတဲ့။ အခုတော့ မချစ်တော့ဘူးပေါ့။

တဏှာဆိုတဲ့ စကားလုံးကတော့ ကြားလိုက်ရင် ကြောက်စရာကြီးပေါ့။ တဏှာဆိုတော့လည်း ရင့်သီးတယ်

http://www.dhammadownload.com

လို့ ထင်နေတာ။ ပိဋကတ်စာပေသုံးအနေနဲ့ ပြောတာပါ။ မြန်မာစကားအနေနဲ့ ပြောမယ်ဆိုရင်တော့ ချစ်တဲ့စိတ်နဲ့ သတိရတာ၊ သံယောဇဉ်နဲ့ သတိရတာပေါ့။

သံယောဇဉ်နဲ့ သတိရတဲ့စိတ် ရှိသေးလားလို့ မေးရင် ဘယ်လိုဖြေမလဲ။

'ရှိပါတယ်ဘုရား'

တဏှာနဲ့ကျတော့ မရှိဘူးဖြေတယ်။ သံယောဇဉ်နဲ့ကျတော့ ရှိတယ်ဖြေတယ်။ စကားလုံးလေးက လှနေတာကိုး။ သံယောဇဉ်ဆိုတဲ့ စကားလုံးက လှနေတော့ သံယောဇဉ်နဲ့ကျတော့ သတိရတယ်တဲ့။

သံယောဇဉ်ကတော့ ဆယ်ပါးရှိတာပေါ့လေ။ အရပ်ထဲမှာပြောတော့ သံယောဇဉ်ဆိုတာက ချစ်တာကို ပြောတာပါ။ ကိုယ်ချစ်တဲ့သူအပေါ်မှာ ချစ်နေတဲ့ သံယောဇဉ်ဆိုတာက တဏှာ။ စာအတိုင်းသာဆိုရင်တော့ ပိုတောင်ကြောက်စရာကောင်းသေးတယ်။ ကာမရာဂသံယောဇဉ်။

ကာမရာဂအရပ်သုံးကျတော့ အဓိပ္ပာယ်တစ်မျိုး။ တဏှာကလည်း အရပ်သုံးကျတော့ အဓိပ္ပာယ်တစ်မျိုး ဖြစ်နေတယ်။ အရပ်သုံးစကားအတိုင်း ပြောမယ်ဆိုရင်တော့ တဏှာနဲ့ သတိရခြင်းလို့ နာမည်မပေးတော့ဘူး။ သံယောဇဉ်နဲ့ သတိရခြင်းလို့ပဲ ခေါင်းစဉ်တပ်လိုက်တော့မယ်နော်။

http://www.dhammadownload.com

ဒါဆိုရင် . . . သံယောဇဉ်နဲ့ သတိရခြင်းရယ်၊ မေတ္တာနဲ့ သတိရခြင်းရယ်၊ သတိရခြင်း ဘယ်နှမျိုးတုံး။ (၂)မျိုးနော်။ ဒါဖြင့်ရင် ဒကာကြီးဦးမင်းသိန်းသောင်း သံယောဇဉ်နဲ့ သတိရခြင်း မရှိဘူးလား။

'ရှိပါတယ်ဘုရား'

တတ်လည်း တတ်နိုင်ကြပါတယ်လို့ပဲ ပြောရတော့မှာပဲ . . . နော်။ တဏှာနဲ့ သတိရတာတော့ မရှိဘူး . . . တဲ့။ သံယောဇဉ်နဲ့ သတိရတာကျတော့ ရှိတယ် . . . တဲ့။ ဘာထူးလို့လဲ။ တဏှာနဲ့ သံယောဇဉ်နဲ့ နာမည်ပဲကွာတာ။ အဓိပ္ပာယ်အတူတူပဲလေ။

ကိုယ့်စိတ်ကိုယ် အသန့်စင်ဆုံး ဖြစ်ချင်ရင် 'သံယောဇဉ်' ဆိုတဲ့ စကားလုံးလှလှလေးနဲ့ မလှည့်စားပါနဲ့။ 'တဏှာ' ဆိုတဲ့ စကားလုံးထိထိလေးနဲ့ ခပ်နာနာဆုံးမပါ။

လူတစ်ယောက်ကို သံယောဇဉ်နဲ့ သတိရနေတဲ့ အချိန် ကိုယ့်စိတ်ကိုယ် စစ်ကြည့်။ ပူလောင်နေတယ်၊ တင်းကျပ်နေတယ်၊ မလွတ်လပ်တော့ဘူး။ လူတစ်ယောက်ကို သံယောဇဉ်စိတ်နဲ့ သတိရနေတာဟာ အဲဒီလူရဲ့ ရှေ့မှောက်မှာ ဒူးထောက်လက်မြှောက်ပြီးတော့ အရှုံးပေးလိုက်တာနဲ့ အတူတူပဲ။

ဦးဇင်းတို့ မြင့်မြတ်သူတို့ရဲ့စံအိမ်ကို ပေါ်တော့

http://www.dhammadownload.com

လူတစ်ယောက်ကို ချစ်တယ်ဆိုတာ အဲဒီလူကို ဒူးထောက် လက်မြှောက်ပြီး အရှုံးပေးလိုက်တာပါပဲလို့ ခေါင်းစဉ်လေး တစ်ခုတောင် တပ်ပြီး ရေးလိုက်သေးတယ်။

ကာမစ္ဆန္ဒနီဝရဏအကြောင်းတုန်းက ရေးတော့ ရေးခဲ့တာပေါ့။ ဒကာကြီးဦးမင်းသိန်းသောင်း၊ ဒကာမကြီး ဒေါ်ခင်နွယ်ဝင်း၊ မှတ်မိရဲ့လား၊ မှတ်မိတယ်။ သဘောရော ကျရဲ့လား။ သဘောကျတယ်။

လူတစ်ယောက်ကို ချစ်ပြီဆိုရင် အဲဒီလူနဲ့ ပတ်သက်တဲ့အလုပ်တွေ လုပ်ပေးရမယ်။ အဲဒီလူအတွက် အချိန်တွေ ပေးရမယ်။ အဲဒီလူ အလိုကျအောင်၊ အဲဒီလူ စိတ်ချမ်းသာအောင် လိုက်လျောမှုတွေ ပေးရတယ်။ အရှုံးမပေးရဘူး လား။

သူ့အတွက် ပြုစုလုပ်ကိုင်ပေးရတာတွေဆိုတာ အသာထား၊ သတိရနေရတာကိုက ရှုံးနေတာ။ စိတ်ထဲမှာ စွဲစွဲလမ်းလမ်း တမ်းတမ်းတတနဲ့ အမှတ်ရနေရတာကိုက ကိုယ့်စိတ်ကို ချုပ်နှောင်ထားရတာပဲ။ ကိုယ်ချစ်တဲ့သူကို သတိရနေတာဟာ ကိုယ့်စိတ်ကို ချုပ်နှောင်ထားတာပဲ မဟုတ်ဘူးလား။

လူတစ်ယောက်ကို သိပ်ချစ်တယ်ဆိုရင် သတိရတော့တာပဲပေါ့။ လူတစ်ယောက်ကို သတိရရနေတယ်ဆို

http://www.dhammadownload.com

တာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ဖြစ်နေတာရော ဟုတ်သေးရဲ့လား။ မဟုတ်တော့ဘူးနော်။ သူ့စိတ်နဲ့ ကိုယ့်ကိုယ်ဖြစ်နေတာ။

လူတစ်ယောက်ကို ချစ်တယ်ဆိုတာ အဲဒီလူကို ဒူးထောက်လက်မြှောက်ပြီး အရှုံးပေးလိုက်တာပါပဲဆိုတဲ့ စကားရပ်ကို ဦးဇင်းတို့ရဲ့ မြန်မာပြည်က ရွှေပါရမီကျောင်းဒကာကြီး ဦးရှိန်ဝင်းကတော့ တော်တော်သဘောကျသတဲ့။ စကားစပ်တိုင်း စကားစပ်တိုင်း ခဏခဏပြောတာ။

သူ့မှာလည်း အင်မတန်ချစ်တဲ့ သားလေးတစ်ယောက်ရှိတယ်။ သားအရင်းတော့ မဟုတ်ဘူးပေါ့လေ။ ဒါပေမဲ့ သားအရင်းလိုပါပဲ။ မွေးကင်းစကတည်းက ပြုစုစောင့်ရှောက်ပျိုးထောင်လာခဲ့တာ။ အဲဒီသားလေးကို ချစ်တော့ အဲဒီသားလေးကို ပြုစုရတယ်၊ တစ်ခါတစ်ရံကျတော့ အထူးသဖြင့် ညပိုင်းကျတော့ ကလေးကလည်း ကြွက်တက်တတ်သေးတယ်နော်။

ကြွက်တက်တော့ အိပ်မပျော်၊ အိပ်မပျော်တော့ အော်ငို။ အော်မငိုတောင်မှ ကြိတ်ပြီးတော့ ငိုပေါ့။ ဒကာကြီးဦးရှိန်ဝင်းနဲ့ ဒကာမကြီးဒေါ်ခင်ချိုဦးတို့နှစ်ယောက် ထပြီးတော့ နှိပ်ပေးရတယ်။ တစ်ညလုံး နှိပ်ပေးနေရတော့ အိပ်ချိန်မရှိတော့ဘူး။ မအိပ်လိုက်ရတော့ဘူး။ တစ်ညလုံး

http://www.dhammadownload.com

အိပ်ရေးပျက်သွားတာပေါ့။

အဲဒီအချိန်မှာ ဒကာကြီး ဦးရှိန်ဝင်းက တွေးမိတယ်။

'ဘုန်းဘုန်းပြောတာ သိပ်မှန်တာပဲ။ လူတစ်ယောက်ကို ချစ်တယ်ဆိုတာ အဲဒီလူကို ဒူးထောက်လက်မြှောက်ပြီးတော့ အရှုံးပေးရတာပါပဲ'

ကိုယ့်ဘဝ အဖြစ်အပျက်လေးတွေနဲ့ ယှဉ်ပြီးတော့ ချဲ့ထွင်စဉ်းစားကြည့်ပေါ့နော်။

အဲဒီတော့ သံယောဇဉ်နဲ့သတိရတာ။ ဒါကစကားလှအောင် ပြောနေရတာ။ မေတ္တာနဲ့ ကာရန်ကိုက်အောင် ဘယ်လိုပြောမှာလဲ။ တဏှာနဲ့ သတိရတာဟာ အရှုံးပေးနေရတာပဲ။ စိတ်ပူလောင်တယ်၊ စိတ်မအေးချမ်းဘူး။ နီးတော့ မနီးဘူးလား။ နီးတာပဲ။

ကိုယ်ချစ်တဲ့သူရဲ့ ပုံရိပ်ကလေး ပေါ်လာတယ်၊ သံယောဇဉ်လေးနဲ့ သတိရတယ်ဆိုရင်လည်း ကိုယ့်စိတ်ထဲမှာ သူရှိနေတဲ့အတွက် သူနဲ့ နီးတော့နီးနေတယ်။ 'စိတ်ထဲက တမ်းတလိုက်ရုံလေးနဲ့ . . . ကိုယ့်ဘဝရဲ့ နေရာတိုင်းမှာ. . မင်းရှိတယ်' ဆိုတဲ့ စာသားလေး မရှိဘူးလား။ ရှိတယ်။

ကိုယ့်စိတ်ထဲက သတိရတယ်၊ တမ်းတတယ် ဆိုတာနဲ့ သူ့ရဲ့ပုံရိပ်က ကိုယ့်စိတ်မှာ ထင်လာတာဆိုတော့၊

http://www.dhammadownload.com

သူ့ရဲ့ ပုံရိပ်က ကိုယ့်နှလုံးသားထဲကို ရောက်လာတာဆိုတော့ သူနဲ့ကိုယ် နီးမသွားဘူးလား။ နီးတော့ နီးတယ်။ ဒါပေမဲ့ မအေးချမ်းဘူး၊ ပူလောင်တယ်။ မလွတ်လပ်ဘူး၊ တင်းကျပ်တယ်။

■

http://www.dhammadownload.com

## သံယောဇဉ်ကို ပြန်မပြောချင်အောင် စိတ်ကုန်တယ်

ဦးဇင်းလည်း ကျောင်းသားဘဝတုန်းက သံယောဇဉ်နဲ့ သတိရခဲ့ဖူးတာလေးတွေ ရှိပါတယ်။ သံယောဇဉ်ရဲ့ အပြစ်ပေါ့၊ ခုန လူတစ်ယောက်ကို ချစ်တယ်ဆိုတာ အဲဒီလူကို ဒူးထောက်လက်မြှောက် အရှုံးပေးရတာပါပဲ ဆိုတဲ့ သဘောလေး နားလည်ခဲ့ဖူးတယ်။

ဘုန်းကြီးတော့ ခံစားချက်တွေ ရှိနေပြီလို့ ထင်နေမယ်နော်။ ခံစားတတ်လွန်းလို့ကို ဘုန်းကြီးဖြစ်နေတာ။ ဘာလို့လဲဆိုတော့ ဘုန်းကြီးဖြစ်တဲ့သူတွေက ခံစားတတ်တဲ့သူတွေ မဟုတ်ဘူးလား။ သပိတ်နဲ့ 'ခံ'ပြီးတော့ 'စား'ရတာလေ။

သပိတ်နဲ့ မစားလည်းပဲ ဒကာဒကာမတွေ ကပ်

http://www.dhammadownload.com

တာကို ခံပြီးစားရတာပဲ မဟုတ်ဘူးလား။ ဒါ့ကြောင့်မို့လို့ ခံစားတတ်လွန်းလို့ ခံစားရတဲ့ ဘုန်းကြီးဘဝကို ရောက်တာ။

တချို့က ဘုန်းကြီးဆိုရင် မခံစားတတ်ဘူး ထင်နေကြတာ။ ခံစားတတ်လွန်းလို့ ခက်နေတယ်။ မခံစားတတ်လို့ ဘုန်းကြီးဝတ်တာ မဟုတ်ဘူးနော်။ မခံစားချင်လို့ ဘုန်းကြီးဝတ်တာ။ သဘောပေါက်။ မခံစားတတ်တာနဲ့ မခံစားချင်တာ မတူပါဘူး။

ကျောင်းသားဘဝတုန်းကဆိုလို့ ဟိုလိုဒီလို ဇာတ်လမ်းတွေဖြစ်တယ်လို့တော့ မထင်ပါနဲ့။ သန့်သန့်လေးပါ။ ဒါပေမဲ့ ဒီလိုတော့ရှိတယ်။ ငါးတန်းကျောင်းသားဘဝကတည်းက တစ်နှစ်တစ်ယောက် . . .

ရည်းစားထားတာတော့ မဟုတ်ပါဘူး။ သူငယ်ချင်းတွေက စ, တာပါ။ နာမည်တွေတောင် မှတ်မိပါသေးတယ်။ နာမည်တော့ မပြောတော့ပါဘူးနော်။

ငါးတန်းနှစ် တစ်ယောက်၊ ခြောက်တန်းနှစ် တစ်ယောက်၊ ခုနစ်တန်းနှစ် တစ်ယောက်၊ ရှစ်တန်းနှစ် တစ်ယောက် စသည်အားဖြင့် တစ်နှစ်တစ်ယောက် ပြောင်းလဲသွားတာ။ သူငယ်ချင်းတွေ စ, တာ။ ပြောင်းလဲသွားတာနော်။

ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းလောက်တုန်း

http://www.dhammadownload.com

ကတော့ သိပ်ပြီးတော့ မခံစားတတ်သေးဘူး။ သူငယ်ချင်းတွေ စတာ နောက်တာပဲရှိတယ်။ ဒါကတော့ ကျောင်းသားဘ၀ သဘာ၀အတိုင်းပါပဲလေ။ စကြနောက်ကြတာပေါ့။

ရှစ်တန်းနှစ်ကျတော့ တော်တော်လေး ခံစားတတ်လာပြီ။ သူငယ်ချင်းတွေက မိန်းကလေးတစ်ယောက်နဲ့ စကြတာပေါ့လေ။ အဲဒီလို စ, ကြတော့ ကိုယ်က သူ့ကို ချစ်တာလည်း မဟုတ်ဘူး။ သူနဲ့ကိုယ်နဲ့လည်း ဘာမှ ဇာတ်လမ်းဖြစ်တာလည်း မဟုတ်ဘူး။ စကားအပြောအဆိုတောင် မရှိသလောက်ပါပဲ။

ဒါပေမဲ့ အိမ်လည်းရောက်ရော စာကျက်တော့မယ်ဆိုတော့ 'ပုံရိပ်ယောင်တွေ . . . ထားရစ်ခဲ့တယ်' ပေါ့။ ပုံရိပ်ကလေးကပေါ်လာတယ်။ ပုံရိပ်ပေါ်လာတော့ စာထဲမှာ သမာဓိ ရသေးရဲ့လား။ မရတော့ဘူး။ သွားရင်းလာရင်းနဲ့လည်း ပုံရိပ်ယောင်လေးက မပေါ်လာဘူးလား။ ပေါ်လာတယ်။ အဲဒီတော့ သူ့စိတ်ကြောင့် ကိုယ့်မှာ မလွတ်လပ်တော့ဘူး။

ဦးဇင်းတို့ရဲ့ ပင်ကိုစိတ်ဓာတ်က ငယ်ငယ်လေးကတည်းက ကိုယ့်စိတ်ထဲမှာ တစ်စုံတစ်ယောက်က နေရာယူနေတာကို မကြိုက်ဘူး။ တစ်ယောက်ယောက်ကို စိတ်ထဲကနေ သတိရနေရတာကို လုံး၀ မကြိုက်ဘူး။ အဲဒါကြောင့်

http://www.dhammadownload.com

ရှစ်တန်းနှစ်ကတည်းက ဆုံးဖြတ်လိုက်ပါတယ်။ ‘ငါ ဆယ်တန်းမအောင်မချင်း ရည်းစား လုံးဝမထားဘူး’ လို့။

ဘာလို့တုံးဆိုတော့ . . . တမင်ရည်းစားထားတာတောင် မဟုတ်ဘူး။ သူငယ်ချင်းတွေ ဝိုင်းစ, တာတောင်မှ ပုံရိပ်တွေ ဒီလောက်လွှမ်းမိုးနေရင် တကယ်သာ ရည်းစားထားရင် ပိုမဆိုးနိုင်ဘူးလား။ ဆိုးနိုင်တယ်။

ဒါကြောင့်မို့လို့ ဆယ်တန်းအောင်မှ ရည်းစားထားမယ် လို့ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ ဆယ်တန်းအောင်အောင်ချင်း ဘုန်းကြီးဝတ်လိုက်တော့ မထားဖြစ်တော့ဘူးပေါ့နော်။ ထားချင်စိတ်လည်း မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒူးထောက်လက်မြှောက်ပြီး အရှုံးပေးချင်စိတ်မှ မရှိဘဲ။

ဒါက ယောကျာ်းလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကိုမှ မဟုတ်ပါဘူး၊ မိန်းကလေးတစ်ယောက်က ယောကျာ်းလေးတစ်ယောက်ကိုလည်း ဒီအတိုင်းပါပဲ။

အဲဒီတော့ သံယောဇဉ်ဆိုတဲ့ ပါဠိစကားလုံးလေးကိုက မြန်မာလို ဘာတဲ့တုံး။ နှောင်ဖွဲ့တာ။ နှောင်ကြိုးလေးတစ်မျှင်ဆိုတာ သံယောဇဉ်ကို ပြောတာနော်။ သံယောဇဉ်ဆိုတာ နှောင်ကြိုးပဲ။

ကိုယ့်ကို တစ်စုံတစ်ယောက်က ကြိုးတွေနဲ့ နှောင်

http://www.dhammadownload.com

တုပ်ထားတယ်ဆိုမှတော့ သွားချင်ရာကို သွားလို့ ရသေးရဲ့လား။ လုပ်ချင်ရာ လုပ်လို့ ရဦးမလား။ မရတော့ဘူး။ မလွတ်လပ်တော့ဘူးပေါ့။ စိတ်လည်း ပူလောင်တာပေါ့။

ကျောင်းသားဘဝတုန်းက သံယောဇဉ်ရဲ့ အပြစ်ကို မြင်ခဲ့ပုံလေးပါ။ ဘုန်းကြီးဝတ်ခြင်းရဲ့အကြောင်းကို ပြောပါဆိုရင်တော့ အမျိုးစုံပြောလို့ရတယ်။ အဲဒီအမျိုးစုံထဲမှာ သံယောဇဉ်ရဲ့အပြစ်ကို ကြောက်တာလည်း ပါပါတယ်။

ကျောင်းသားဘဝတုန်းက ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းမှာ လူရည်ချွန်သုံးခါရတာကိုး။ အဲဒီတော့ ရှစ်တန်းလူရည်ချွန်စခန်းမှာ အရက်(၂၀)လောက် တစ်နိုင်ငံလုံးက လူရည်ချွန်တွေနဲ့အတူ . . . နယ်စခန်းတွေမှာရော၊ ရန်ကုန် စုပေါင်းစခန်းမှာရော အတူတကွ သွားလိုက်လာလိုက်ကြပေါ့။

အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် အရက်(၂၀)အတွင်းမှာ တော်တော့်ကို ချစ်သွားကြတယ်။ မိတ်ဆွေချစ်၊ သူငယ်ချင်းချစ်ကို ပြောတာနော်။ သူငယ်ချင်း အချင်းချင်း သိပ်ကို ချစ်ကြတယ်။ တစ်နိုင်ငံလုံးက လက်ရွေးစင်တွေချည်းပဲ စုနေကြတာဆိုတော့ ချစ်ကြတာပေါ့။

အဲဒါ လူရည်ချွန်စခန်းပြီးလို့ အိမ်ပြန်ကြပြီဆိုတာနဲ့ တစ်လလောက်ကတော့ နေမထိထိုင်မသာပေါ့။ ပျော်ခဲ့

http://www.dhammadownload.com

ပါးခဲ့တာတွေ၊ သွားခဲ့လာခဲ့တာတွေ၊ ကြည်နူးချမ်းမြေ့ခဲ့ရတာတွေ ပြန်သတိရတယ်။ သူငယ်ချင်းတွေရဲ့ ပုံတွေကို အကုန်ပြန်ဖော်။ တော်တော့်ကို ခံစားရတာ။

ကိုယ့်တစ်ယောက်တည်းလား ဆိုတော့ မဟုတ်ဘူး။ လူရည်ချွန်မှန်သမျှ ဒီအတိုင်းချည်းပဲ။ လူရည်ချွန်ကျောင်းသား၊ လူရည်ချွန်ကျောင်းသူမှန်သမျှ အကုန်လုံး အိမ်ပြန်ရောက်ရင် တစ်လအတွင်းတော့ စားလို့မဝင်၊ အိပ်လို့ မပျော်။ ဒါပေမဲ့လို့ ဝင်တော့ဝင်ပါတယ် . . . ပျော်တော့ ပျော်ပါတယ်နော်။ ကလေးဆိုတော့။

ဒါပေမဲ့ စားလို့မကောင်း၊ အိပ်လို့ မကောင်းဖြစ်သွားတာပေါ့။ ဘာကိုမျှော်နေသလဲဆိုတော့ စာပို့လုလင်ပဲ မျှော်နေတော့တာ။ အဲဒီတစ်လအတွင်းကတော့ စာတွေ လာလိုက်တာ။ ကိုယ်က ရေးလိုက်၊ ဟိုက စာပြန်လိုက်၊ ဟိုက ရေးလိုက်၊ ကိုယ်က စာပြန်လိုက်နဲ့ တစ်ယောက်နဲ့တစ်ယောက် စာတွေချည်း ရေးနေ၊ ပြန်နေကြတာနော်။

တစ်လကျော်သွားလို့ ဝေဒနာသက်သာသွားတော့လည်း စားဝင်အိပ်ပျော်နဲ့ နေထိထိုင်သာ ပြန်ဖြစ်သွားတာပါပဲ။ သံယောဇဉ်ဖြစ်ပြီးတော့ ဝေဒနာတွေ အပြင်းအထန် ခံစားနေရတဲ့အချိန်ကျတော့ 'တော်ပြီ၊ နောက်နှစ် ငါ လူရည်ချွန်ရအောင် မလုပ်တော့ဘူး'။ တစ်လကျော်သွားလို့

http://www.dhammadownload.com

မေ့မေ့ပျောက်ပျောက် ဖြစ်သွားတော့လည်း နောက်နှစ်ကျ တော့ လူရည်ချွန်စခန်း သွားချင်တဲ့ စိတ်ကလေးနဲ့ လူရည် ချွန်စာမေးပွဲတွေ ဖြေပြီးတော့ လုပ်ဖြစ်သွားတာပေါ့။

သံဝေဂ ခိုင်မာလို့လား၊ မခိုင်မာလို့လား။ ခိုင်မာ တာ မခိုင်မာတာနဲ့လည်း မဆိုင်ပါဘူး။ ကျောင်းသားဘဝ ကိုယ်လုပ်တဲ့အလုပ်ကိုတော့ အကောင်းဆုံးဖြစ်အောင် မ လုပ်ရဘူးလား။ လုပ်ရမှာပဲ။ ခံစားရမှာမို့လို့ လူရည်ချွန်ဖြစ် အောင် မကြိုးစားဘူး၊ စာတော်အောင် မကြိုးစားဘူးဆိုရင် တော့လည်း သဘာဝမကျသေးဘူးနော်။

ဘာပဲဖြစ်ဖြစ်၊ အဲဒီကတည်းက သံယောဇဉ်ကို တော်တော်ကြောက်တယ်။ သံယောဇဉ်ဟာ တော်တော်ကို ဆိုးပါလား။ သူငယ်ချင်းချင်း ချစ်တာတောင်မှ ဒီလောက် တောင် ခံစားနေရတာ ဟိုလိုဒီလိုလေးများ ချစ်ရင်တော့ ပိုပြီးတော့ ခံစားရမှာ။ ဒကာကြီးဦးမင်းသိန်းသောင်းတို့ ငယ်ငယ်တုန်းက ခံစားခဲ့ရသလိုပေါ့။ ဒကာကြီးကိုယ်တိုင် ပြောပြခဲ့ဖူးတာပါနော်။

ဆရာဝန်ဖြစ်ပြီးခါစ ဒကာကြီး မုဒုံ၊ ဖားအောက် မှာ တာဝန်ထမ်းဆောင်နေတုန်းကလေ။ ရန်ကုန်မှာ တာ ဝန်ထမ်းဆောင်နေတဲ့ ဒကာမကြီးဆီကို နေ့တိုင်း စာတွေ ရေး၊ ကိုယ့်အိမ်နဲ့ အဝေးကြီးမှာ ရှိတဲ့ စာတိုက်ကို နေ့တိုင်း

http://www.dhammadownload.com

သွားထည့်၊ ဒကာမကြီးဆီက စာ စာပို့သမား လာပို့တာ မစောင့်နိုင်လို့ စာတိုက်အထိ နေ့စဉ် အပင်ပန်းခံ သွားမေး၊ အိမ်နဲ့ စာတိုက်, စာတိုက်နဲ့အိမ်၊ ခရီးဝေးကြီးကို နေ့စဉ် အပင်ပန်းခံ လမ်းလျှောက်ခဲ့ရတာ သံယောဇဉ်နဲ့ သတိရခဲ့လို့ မဟုတ်လား။

ကိုယ်က စာနေ့တိုင်း ရေးပေမယ့် ဒကာမကြီးက နေ့တိုင်း မရေးတော့ ဒကာမကြီးဆီက စာမလာတဲ့နေ့တွေဆို ရင်ထဲမှာ အရမ်းခံစားရ၊ စိတ်မချမ်းမသာဖြစ်၊ နှလုံးသားတွေ ပူလောင်၊ သံယောဇဉ်ရဲ့ နှိပ်စက်မှုဒဏ် ဘယ်လောက် ကြောက်စရာကောင်းထားလဲ။ ပင်ပန်းဆင်းရဲ ပူလောင်မွန်းကျပ်လိုက်တာ မပြောပါနဲ့တော့။

သံယောဇဉ်ရဲ့ နောက်ဆက်တွဲဝေဒနာတွေဟာ အင်မတန် အခံရခက်ပါတယ်။ သံယောဇဉ်ကြီးလေ ပူလောင်လေ၊ သံယောဇဉ်ငယ်လေ တင်းကျပ်လေပါပဲ။ သံယောဇဉ်နဲ့ ပတ်သက်တဲ့ စိတ်ဒုက္ခတွေ လုံးဝ မခံစားချင်တော့ဘူး။ အဲဒါကြောင့် ဘုန်းကြီးဝတ်ဖြစ်သွားတာပါပဲ။

■

http://www.dhammadownload.com

## အချစ်တဏှာမရှိအောင် မေတ္တာသတိဆောင်

သံယောဇဉ်နဲ့ သတိရခြင်းဆိုတာ အင်မတန် ပူလောင်တယ်။ ဒါဆိုရင် သံယောဇဉ်ဆိုတာ ဖြတ်သင့်သလား၊ မဖြတ်သင့်ဘူးလား။ ဖြတ်သင့်တယ်။ ဖြတ်သင့်တယ်ဆိုပြီးတော့ ကွာရှင်းပြတ်စဲရမှာ မဟုတ်ဘူးနော်။

စိတ်ထဲမှာ ရှိနေတဲ့ သံယောဇဉ်ဓာတ်တွေကို ပါးသည်ထက် ပါးသွားအောင် ကြိုးစားရမှာ။ သံယောဇဉ်ရဲ့နေရာမှာ မေတ္တာကို အစားထိုးရမှာ။ သံယောဇဉ်ရဲ့ နေရာမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ သူတော်ကောင်းဓာတ်တွေ အစားထိုးရမှာ။ အဲဒီလိုဆိုရင် သံယောဇဉ်ဓာတ်လို့ ခေါ်တဲ့ တဏှာဓာတ်တွေ ပါးပါးမသွားဘူးလား။ ပါး

http://www.dhammadownload.com

သွားတယ်။

'နွယ်တစ်မျှင် မြက်တစ်ပင်လို . . . သံယောဇဉ်ကို . . . အလွယ်တကူ ဖြတ်နိုင်တဲ့သူ . . . ဖြစ်လိုပါသည်. . .' တဲ့။ ဦးဇင်းတို့ မငွေ့ခင်ကတည်းကပေါ်တဲ့ မြန်မာသံ သီချင်းတွေ၊ မြန်မာဂန္ထဝင်သီချင်းတွေထဲမှာ ဦးဇင်းတို့ ရေနံချောင်းသား ကိုတင်လှိုင် ဆိုတဲ့ 'အမုန်းခွန်အား ပေးသနားပါ' ဆိုတဲ့ သီချင်းကို အကြိုက်ဆုံးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တရားသဘောတွေ အပြည့်ပါလို့လေ။

အဲဒီသီချင်းကြိုက်လို့လည်း ဘုန်းကြီးဖြစ်တာ ဖြစ်နိုင်တယ်နော်။ အဲဒီအထဲက အကြိုက်ဆုံးစာသားလေးကတော့ 'နွယ်တစ်မျှင် မြက်တစ်ပင်လို . . . သံယောဇဉ်ကို အလွယ်တကူ ဖြတ်နိုင်တဲ့သူ . . . ဖြစ်လိုပါသည် . . .'တဲ့။

ဘယ်လောက်များ ကောင်းထားလဲ။ နွယ်ပင်လေးကို ဆွဲဖြတ်လိုက်သလို၊ မြက်ပင်လေးကို ဆွဲဖြတ်လိုက်သလို . . . သံယောဇဉ် အမျှင်အတန်းတွေကိုလည်း ရုတ်တရက် အလွယ်တကူ ထောက်ခနဲ ချိုးဖြတ်နိုင်တဲ့သူ ဖြစ်ပါရစေ . . . တဲ့။

အခုတရားနာပရိသတ်များရော သံယောဇဉ်တွေကို ဖြတ်ချင်တဲ့စိတ် ရှိရဲ့လား။

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com

ဒ်ံမယ် . . . ရှိတယ် . . . တဲ့။ နေပါဦး . . . သံ-
ယောဇဉ်ကို နွယ်တစ်မျှင် မြက်တစ်ပင်လို ဖြတ်ချင်တာလား၊
သစ်ကိုင်းတစ်ကိုင်းလို ဖြတ်ချင်တာလား။

အခု တရားနာ ပရိသတ်များရဲ့ သံယောဇဉ်က
နွယ်တစ်မျှင်လား၊ သစ်ကိုင်းတစ်ကိုင်းလား။

'သစ်ကိုင်းတစ်ကိုင်းပါဘုရား'

နွယ်တစ်မျှင် မြက်တစ်ပင်နဲ့ သစ်တစ်ကိုင်းနဲ့
ဘယ်ဟာက ပိုပြတ်ဖို့လွယ်တုံး။ နွယ်တစ်မျှင်က ပြတ်ဖို့လွယ်
တယ်၊ သစ်တစ်ကိုင်းက ပြတ်ဖို့ခက်တယ်။

အခုတရားနာပရိသတ်များရဲ့ သံယောဇဉ်က သစ်
ကိုင်းသံယောဇဉ်တွေပေါ့နော်။ သစ်ကိုင်းမှာလည်း မန်
ကျည်းကိုင်းလား၊ တမာကိုင်းလားဆိုရင် . . .

'မန်ကျည်းတစ်ညို့ လူတစ်ကိုယ်' တဲ့။ မန်ကျည်း
ကိုင်းလေးတစ်ကိုင်း၊ လက်တစ်ဆစ်လောက်ပဲ တုတ်တဲ့
မန်ကျည်းကိုင်းလေး တစ်ကိုင်းကလည်း လူတစ်ကိုယ် ရပ်
တည်လို့ မရဘူးလား။ ရတယ်။ တော်တော်နဲ့ မကျိုးဘူး။
လူတစ်ကိုယ် ရပ်တည်လို့ ရတယ်။

'တမာတစ်ကိုင်း၊ လူ့သင်္ချိုင်း' တဲ့။

တမာကိုင်းက ဆတ်တယ်၊ ကျိုးလွယ်တယ်လေ။
ဒါကြောင့် တမာကိုင်းပေါ် လူတက်လိုက်ရင် အလွယ်တကူ

http://www.dhammadownload.com

ကျိုးပြီး လူသေသွားနိုင်တယ်လို့ ပြောတာ။ သေရင် သင်္ချိုင်း ရောက်မှာမို့ 'တမာတစ်ကိုင်း လူ့သင်္ချိုင်း' တဲ့ . . .။

သစ်ကိုင်းသံယောဇဉ်သမားတွေမှာလည်း မန်ကျည်းကိုင်းသံယောဇဉ်နဲ့ တမာကိုင်းသံယောဇဉ်ရယ်လို့ နှစ်မျိုးရှိပြန်တာပေါ့။ မန်ကျည်းကိုင်းသံယောဇဉ်က ဖြတ်ဖို့ သိပ်ခက်တယ်။ အစွဲအလမ်း အရမ်းကြီးလို့။ တမာကိုင်းသံယောဇဉ်က ဖြတ်ဖို့ သိပ်လွယ်တယ်။ အစွဲအလမ်း အရမ်း မကြီးလို့။

အဲဒီတော့ ကိုယ့်သံယောဇဉ်ဟာ မန်ကျည်းကိုင်း ဖြစ်သင့်သလား၊ တမာကိုင်းဖြစ်သင့်သလား။

'တမာကိုင်း ဖြစ်သင့်ပါတယ်ဘုရား'

တမာကိုင်း ဖြစ်သင့်တယ် . . . တဲ့။

အဲဒီကျတော့လည်း 'တမာတောမှာ ပျော်တယ် ဆိုတဲ့ . . . မောင်ရေ . . . မောင်ရေ' ဆိုတာက လာဦးမှာ။ ကဲ . . . မခက်ဘူးလား။ တမာတောမှာ ပျော်တယ်ဆိုတော့ ဖြတ်ဖို့ မခက်ဘူးလား။ ခက်တာပဲ။ ဒါ့ကြောင့်ဆိုလိုက်ပါ။

'မေတ္တာနဲ့သာ၊ အေးချမ်းစွာ၊ စိတ်မှာ သတိရ။'

ဘယ်သူ့ကိုမဆို မေတ္တာနဲ့ သတိရတယ်ဆိုရင် စိတ်မှာ မအေးချမ်းဘူးလား။ အေးချမ်းပါတယ်။

ကိုယ်ချစ်တဲ့သူ၊ ကိုယ်သံယောဇဉ်ရှိတဲ့သူကို သတိ

http://www.dhammadownload.com

မရဖို့ ဖြစ်မှ မဖြစ်နိုင်တာ။ တစ်ဖက်သားကလည်း သတိမရ နဲ့လို့ တားဆီးလို့ မရဘူး။ ကိုယ်ကိုယ်တိုင်ကလည်း သတိ မရနဲ့၊ မေ့ပစ်လိုက်လို့ တားဆီးလို့ မရဘူး။

အဲဒီတော့ သတိရတယ်။ သတိရတဲ့အခါမှာ ကိုယ့် စိတ်ကိုယ်စစ်လိုက်။ တဏှာလေးနဲ့ သတိရနေတာလား၊ မေတ္တာလေးနဲ့ သတိရနေတာလား။ တဏှာနဲ့ သတိရနေ တယ်ဆိုရင် မေတ္တာဖြစ်အောင် မြန်မြန်ပြောင်းလိုက်။

ကိုယ်ချစ်တဲ့သူကို သတိရတယ်။ ပျော်ခဲ့ပါးခဲ့ ကြည်နူးခဲ့တာတွေကို သတိရမနေဘဲနဲ့၊ ပျော်ချင်ပါးချင် ကြည်နူးချင်တဲ့စိတ်ကလေးနဲ့ သတိရမနေဘဲနဲ့ 'ကျန်းမာပါ စေ၊ ချမ်းသာပါစေ' မေတ္တာလေးပွားလို့ မရဘူးလား။ မေ- တ္တာလေးပွားပြီး သတိရတော့ အေးချမ်းသွားတယ်။

ကိုယ်ချစ်တဲ့သူ၊ ကိုယ်ကြည်ညိုတဲ့သူကို ကိုယ်ချစ်ခဲ့၊ ကြည်ညိုခဲ့တာတွေ၊ ကိုယ်စောင့်ရှောက်ခဲ့၊ ကူညီခဲ့တာတွေ၊ ကိုယ်ပေးကမ်းခဲ့၊ လှူဒါန်းခဲ့တာတွေကို ပြန်သတိရရင် ဒါ လည်းပဲ မေတ္တာနဲ့ သတိရတယ်လို့ ပြောလို့ရပါတယ်။ စာဂါ- နုဿတိနဲ့ သတိရတယ်လို့လည်း ပြောလို့ရပါတယ်။

ကိုယ်ချစ်တဲ့သူကို ကူညီစောင့်ရှောက်ခဲ့တာလေး တွေ၊ ပေးကမ်းလှူဒါန်းခဲ့တာလေးတွေကို ပြန်တွေးလိုက် တော့ စာဂါနုဿတိဘာဝနာတောင် ဖြစ်သွားသေးတယ်။

http://www.dhammadownload.com

သတိရနည်းလေး ပြောပေးတာနော်။

ကိုယ်ချစ်တဲ့သူတွေ၊ ကိုယ်သံယောဇဉ်ရှိတဲ့သူတွေကို သတိမရနဲ့လို့ တားနေတာ မဟုတ်ပါဘူး။ တဏှာနဲ့ သတိမရပါနဲ့၊ မေတ္တာနဲ့ သတိရပါ။ ဒေါသနဲ့ သတိမရပါနဲ့၊ ကရုဏာနဲ့ သတိရပါ။ ဣဿာနဲ့ သတိမရပါနဲ့၊ မုဒိတာနဲ့ သတိရပါ စသည်အားဖြင့်ပေါ့နော်။ သတိရနည်း မှန်ကန်ဖို့ ပြောပေးနေတာပါ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာလို့ခေါ်တဲ့ သူတော်ကောင်းတရားလေးတွေနဲ့ သတိရမယ်ဆိုရင် စိတ်လည်း အေးချမ်းပါတယ်၊ ကုသိုလ်တရားတွေလည်း တိုးပွားပါတယ်။

ပေးခဲ့ကမ်းခဲ့၊ လှူခဲ့တန်းခဲ့တာတွေကို အများအားဖြင့် ပြန်ပြန်ပြီး မစဉ်းစားမိတတ်ကြတာများတယ်။ ကိုယ်ချစ်ခင်မြတ်နိုးတဲ့သူ၊ ကိုယ်ကြည်ညိုလေးစားတဲ့သူကို သတိရနေတယ်ဆိုရင် သတိရမှုနဲ့အတူ တွဲပြီးတော့ ကိုယ်ပေးခဲ့လှူခဲ့၊ ကူညီစောင့်ရှောက်ခဲ့တာတွေကို ပြန်ပြီးတော့ သတိရသင့်တယ်။ အဲဒါဆိုရင် ကိုယ်ပြုခဲ့တဲ့ကုသိုလ်တွေကလည်း အားကောင်းသည်ထက် အားကောင်းလာမယ်။

သူ့အပေါ် ကူညီခဲ့တာတွေ ပြန်သတိရတဲ့အတွက် သူ့အပေါ်မှာ သန့်စင်တဲ့ မေတ္တာစိတ်တွေလည်း ပိုပိုလာ

http://www.dhammadownload.com

တယ်။ သူ့အပေါ်မှာတွင် မဟုတ်ဘူး။ ကိုယ်မေတ္တာစစ်စစ်နဲ့ စောင့်ရှောက်ခဲ့တာတွေကို သတိရဖန်များလာတော့ တခြား တခြားသောပုဂ္ဂိုလ်တွေအပေါ်မှာလည်း မေတ္တာစိတ်တွေ ထားနိုင်လာတယ်။

ကိုယ်ချစ်တဲ့သူ့အပေါ် မေတ္တာထားခဲ့တာတွေ ထပ်ကာထပ်ကာ သတိရဖန်များလာရာကနေ မေတ္တာစိတ်တွေ တိုးပွားပြီးတော့ ကိုယ်နဲ့ ပတ်သက်လာသမျှ တခြားလူတွေအားလုံးအပေါ်မှာလည်း မေတ္တာထားနိုင်လာတယ်။

မေတ္တာနဲ့သာ၊ အေးချမ်းစွာ၊ စိတ်မှာ သတိရ။
ဘယ်လောက်ဝေးဝေး နီးနီးလေး၊ မှိုင်ငေးမနေရ။

■

http://www.dhammadownload.com

# အချစ်တဏှာ မဝေအောင်
# မေတ္တာရေလေး လောင်းလိုက်ပါ

ရေချိုးတဲ့အချိန်မှာလည်း မေတ္တာဘာဝနာ ပွားလို့ ရတယ်ဆိုတာ တရားတော်တော်များများမှာ ခဏခဏပြော ခဲ့ဖူးတယ်နော်။ ဒါပေမဲ့ ရေချိုးတိုင်း မေတ္တာပို့ဖြစ်ရဲ့လားဆို ရင်တော့ အများအားဖြင့် မပို့ဖြစ်တာ များတယ်။

'သတိရှိတယ်၊ သတိရှိတယ်' ဆိုတဲ့နေရာမှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ အမှတ်ရတာကို သတိ၊ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ဖို့ အမှတ်ရတာကို သတိ။

ဒကာလေးတစ်ယောက်က လျှောက်ဖူးတယ်။ တပည့်တော် ရေချိုးတဲ့အခါ မေတ္တာပို့ရမယ်၊ ဝိပဿနာရှုရမယ်လို့ အရှင်ဘုရားပြောထားတာကို ရေချိုးပြီးမှပဲ အမြဲ

http://www.dhammadownload.com

တမ်း သတိရတယ်။

ရေချိုးနေတုန်းတော့ လောင်းလောင်းပြီးတော့ ချိုး လိုက်တာပဲ။ ရေချိုးပြီးတော့မှ 'ဟာ . . . မေတ္တာမပို့လိုက် ရသေးပါလား၊ ရေချိုးတဲ့ အမှုအရာလေးတွေကို ဝိပဿနာ မရှုလိုက်ရသေးပါလား' ဆိုပြီးတော့ ပြန်သတိရတယ်တဲ့။ အဲဒီလိုဆိုတော့ ရေချိုးတဲ့အချိန်မှာ သတိရှိလို့လား၊ သတိ မရှိလို့လား။ သတိမရှိလို့နော်။

ရေချိုးတဲ့အချိန်မှာ မေတ္တာပွားသင့်တယ်ဆိုတာကို မေ့သွားတာ၊ အမှတ်မရတော့တာပေါ့နော်။ ရေချိုးတဲ့အချိန် မှာ မေတ္တာပွားတဲ့အလုပ်၊ ဝိပဿနာအလုပ်ကလည်း လုပ် သင့်လုပ်ထိုက်တဲ့အလုပ်ပဲလေ။ အဲဒီလုပ်သင့်တဲ့အလုပ်ကို လုပ်ဖို့ အမှတ်မရတာ သတိမရှိတာပေါ့။ သူများကို သတိ မရှိဘူးလို့ ကဲ့ရဲ့တာမဟုတ်ဘူးနော်။ သတိရဲ့သဘောကို ပြောပြတာ။

ဒီတော့ မေတ္တာနဲ့ သတိရတာဟာ ဘယ်လောက် ဝေးဝေး နီးနီးလေးလည်း ဖြစ်တယ်၊ ကိုယ့်စိတ်ကလေးလည်း အေးချမ်းတယ်၊ ကုသိုလ်တရားတွေလည်း တိုးပွားတယ်။

ရေချိုးရင်းနဲ့လည်းပဲ ကိုယ်ချစ်ခင်မြတ်နိုးတဲ့သူ၊ ကိုယ်ကြည်ညိုလေးစားတဲ့သူကို သတိရပြီးတော့ မေတ္တာမပို့ သင့်ဘူးလား။ ပို့သင့်တယ်။

http://www.dhammadownload.com

ကျန်တဲ့အချိန်တွေမှာ မေတ္တာ မပို့ရင်နေ။ ရေချိုး ရင်းနဲ့တော့ ရေရဲ့ အေးမြတဲ့ အထိအတွေ့ကို သေချာအာရုံပြုပြီး၊ သေချာခံစားပြီး မေတ္တာပို့သင့်တယ်။ အေးတဲ့ရေကို သက်သေထားပြီး အေးတဲ့မေတ္တာ ပွားများရတာ သဘာဝ လည်းကျ၊ လွယ်လည်း လွယ်ကူပါတယ်။

ရေချိုးရင်းနဲ့ ကိုယ်ချစ်တဲ့သူ၊ ကိုယ်ခင်တဲ့သူ တစ်ယောက်ချင်းကို မေတ္တာပို့မယ်ဆိုရင် ကိုယ့်ရဲ့ ခန္ဓာကိုယ်ကို ကိုယ်လို့ သဘောမထားနဲ့။ မောင်မြ ဆိုတဲ့သူက ကိုယ်ချစ်တဲ့သူဆိုရင် ဒီခန္ဓာကိုယ်ကြီးကို မောင်မြလို့ သဘောထားပြီး တော့ မောင်မြကို မေတ္တာရေလေး လောင်းပေးပါတယ်။ မောင်မြ ဤရေကဲ့သို့ အေးချမ်းပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ အစစအရာရာ အဆင်ပြေပါစေ။

ရေလောင်းတိုင်း၊ ရေလောင်းတိုင်း ကိုယ့်ခန္ဓာကိုယ်ကို ရေလောင်းတယ်လို့ သဘောမထားဘဲနဲ့ မောင်မြကို ရေချိုးပေးနေတယ်လို့ သဘောထားရမယ်၊ မောင်မြကို မေတ္တာရေတွေ လောင်းပေးနေတယ်လို့ သဘောထားရမယ်။ အဲဒီမေတ္တာရေထက် စွမ်းတာတော့ မရှိတော့ဘူး နော်။

ရေခွက်ထဲ ကျောက်ခဲထည့်ပြီးတော့တောင်မှ ရေမေတ္တာ ဆိုပြီးတော့ ပို့ကြသေးတာပဲ။ ကျောက်ခဲအေးတာ

http://www.dhammadownload.com

ကိုယ်အေးတာ မဟုတ်တော့ အေးချမ်းမှုသဘောကို ကိုယ်တိုင် တကယ်မသိနိုင်ဘူး။

ဦးဇင်းတို့ ပိုသဘောကျတာကတော့ လိုအပ်လို့ ရေမေတ္တာ ပို့ချင်သပဆိုရင် လက်ကလေးကို ရေထဲနှစ်ထားပြီးတော့ လက်နဲ့ရေနဲ့ ထိပြီး အေးတာလေးကို အာရုံပြုပြီး ဤရေကဲ့သို့ဘယ်သူဘယ်ဝါအေးချမ်းပါစေဆိုရင် ပိုကောင်းပါတယ်။

ရေထဲမှာ လက်ညှိုးလေး ထည့်ထားတယ်ဆိုရင် ဒီလက်ညှိုးလေးကို ကိုယ်မေတ္တာပို့တဲ့လူလို့ သဘောထားလိုက်ပေါ့နော်။ သူ့ကို အေးအောင်လုပ်ပေးထားတဲ့သဘောပေါ့။

ရေချိုးတိုင်း ရေချိုးတိုင်း ကိုယ်ချစ်ခင်မြတ်နိုးလေးစားကြည်ညိုတဲ့သူ၊ ပြီးတော့ ကိုယ့်အပေါ်မှာ ကျေးဇူးအထူးရှိတဲ့သူတွေကို အာရုံပြုပြီးတော့ တစ်ယောက်ပြီး တစ်ယောက် မေတ္တာပို့ပါ။

ရေတစ်ခွက်လောင်းလိုက်၊ ဒီခန္ဓာကိုယ်ကတော့ ဘယ်သူပေါ့၊ အေးချမ်းပါစေ၊ နောက်တစ်ခွက်လောင်းလိုက်၊ ဒီခန္ဓာကိုယ်ကတော့ ဘယ်သူ၊ အေးချမ်းပါစေ . . . စသည်အားဖြင့် မေတ္တာရေလေးလောင်းပေး။ မေတ္တာလေး ပို့ပေးပါ။



http://www.dhammadownload.com
ရွှေပါရမီစာစဉ်(၁၁)
ရွှေပါရမီတောရ
ဘယ်လောက်ဝေးဝေး
နီးနီးလေး
ဒုတိယအကြိမ်

http://www.dhammadownload.com

ရေချိုးရင်း မေတ္တာပို့တဲ့အခါကျတော့ 'ကျန်းမာချမ်းသာပါစေ' ဆိုတဲ့ စကားလုံးထက် 'အေးချမ်းပါစေ'ဆိုတဲ့ စကားလုံးကို အဓိကသုံးပေ့ါ။ လောလောဆယ်အဖြစ်အပျက်နဲ့ ပိုပြီးတော့ ကိုက်တာပေ့ါနော်။

ရေထိလို့ အေးနေတာဆိုတော့ 'ဤရေကဲ့သို့ အေးချမ်းပါစေ' စသည်အားဖြင့်ပေ့ါ။ မြန်မာပြည်မှာကတော့ ရေအေးနဲ့ပဲ ချိုးကြတာများလို့ . . . မြန်မာပြည်က လူတွေအတွက် ဒီလောက် ပြောလိုက်ရင် . . . ပြီးပြီ။ ဒီအမေရိက, က လူတွေအတွက်ကျတော့ ဒီလောက်နဲ့ မပြီးသေးဘူး။

အေးတဲ့ရာသီတွေမှာ ရေပူရေနွေးနဲ့ ရေချိုးရတာဆိုတော့ ရေချိုးနေရင်း 'ဤရေကဲ့သို့ အေးချမ်းပါစေ' လို့ မေတ္တာပို့လို့ မရတော့ဘူးလေ။ ခန္ဓာကိုယ်အထိအတွေ့က အေးမှ မနေဘဲကိုး။

ရေနွေးနဲ့ ရေချိုးတော့လည်း ခန္ဓာကိုယ် နွေးသွားတာလေး အာရုံပြုပြီး နွေးထွေးတဲ့မေတ္တာစာတ်တွေနဲ့ လွှမ်းခြုံပေးနေတယ်လို့ နှလုံးသွင်းလိုက်ပေ့ါ။ လူသားအားလုံး၊ သတ္တဝါအားလုံးအပေါ်ထားတဲ့ ကိုယ့်ရဲ့ မေတ္တာဟာ အေးတိအေးစက်မေတ္တာ မဟုတ်ဘူး၊ နွေးနွေးထွေးထွေးမေတ္တာလို့ ဆင်ခြင်ခံစားလိုက်ပေ့ါ။

'သတ္တဝါအားလုံးကို နွေးထွေးတဲ့ မေတ္တာဓာတ်

http://www.dhammadownload.com

တွေ ဖြန့်ဝေပေးပါတယ်။ သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။ သတ္တဝါအားလုံး အစစအရာရာ အဆင်ပြေကြပါစေ'

ရေနွေးနဲ့ ချိုးတဲ့အခါမျိုးကျတော့ 'အေးချမ်းကြပါစေ' လို့ မသုံးတော့ဘဲ မေတ္တာပို့ စကားလုံးကို 'ကျန်းမာချမ်းသာကြပါစေ' လို့ ရိုးရိုးပဲ သုံးလိုက်တော့ပေါ့။ 'ကျန်းမာချမ်းသာကြပါစေ' ဆိုတဲ့ မေတ္တာပို့ စကားရပ်ထဲမှာ နွေးထွေးတဲ့ မေတ္တာဓာတ်တွေ စိမ့်ဝင်ပျံ့နှံ့နေတယ်လို့ အာရုံပြုလိုက်ရုံပါပဲ။

'ကျန်းမာချမ်းသာကြပါစေ' လို့ မေတ္တာပို့တာဟာ အပေါ်ယံ ဝတ်ကျေတန်းကျေ ပို့တာ မဟုတ်ပါဘူး၊ တကယ့်ကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ၊ နွေးနွေးထွေးထွေးနဲ့ ပို့တာပါ ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့ . . . နော်။

တစ်ယောက်ချင်းစီကို သီးခြားမေတ္တာပို့ရင်လည်း နည်းတူပါပဲ။ သူ့ကို နွေးနွေးထွေးထွေး ဆက်ဆံပါတယ်၊ သူ့အပေါ်မှာ ထားတဲ့မေတ္တာဟာ နွေးထွေးတဲ့မေတ္တာပါလို့ အာရုံပြုပြီး 'ဘယ်သူ . . . ကျန်းမာချမ်းသာပါစေ' လို့ ရိုးရိုးလေး မေတ္တာပို့ပေးနေရုံပါပဲ။

သိပ်အေးလို့ပဲဖြစ်ဖြစ်၊ အကြောအခြင်တွေ ပြေချင်၊ အညောင်းပြေချင်လို့ပဲဖြစ်ဖြစ်၊ ရေခပ်ပူပူလေး ချိုးပြီး

http://www.dhammadownload.com

ဆိုရင်တော့ ရေပူပူနဲ့ ထိတဲ့ပစ္စည်းဝတ္ထု (ဥပမာ - ရေနွေး ပူပူထဲ ထည့်စိမ်တဲ့ ဆေးထိုးအပ်) မှာ ရောဂါပိုးတွေ ကင်း စင်သွားတဲ့သဘော အာရုံပြုပြီး 'သတ္တဝါအားလုံးရဲ့ စိတ်အ စဉ်မှာ၊ သို့မဟုတ် ဘယ်သူ့ရဲ့ စိတ်အစဉ်မှာ ကိလေသာ ရောဂါပိုးတွေ ကင်းစင်ပါစေ၊ ကိလေသာ အနာရောဂါတွေ ပျောက်ကင်းပါစေ' လို့ မေတ္တာပို့လိုက်ပါ။

ရေပူပူနဲ့ ချိုးလိုက်ရတော့ သွေးလည်ပတ်မှုအား လည်း ကောင်းသွားတယ်၊ အကြောအခြင်တွေလည်း ပြေ သွားတယ်လေ။ အဲဒါလေး အာရုံပြုပြီး မေတ္တာပို့လိုက်ပေါ့။ 'သွေးလည်ပတ်မှု အားကောင်းပြီး ကျန်းမာပါစေ၊ အကြော အခြင်တွေ ပြေပါစေ၊ တစ်ကိုယ်လုံး နွေးထွေးပြီး ခွန်အား ဗလတွေ ပြည့်ဝပါစေ၊ အားရှိပါစေ၊ ပေါ့ပါးသွက်လက်ပါစေ' စသည်အားဖြင့် ရေပူတော့လည်း ပူသလို ဉာဏ်လေးနဲ့ လိုက်ဖက်အောင် တွေးပြီး မေတ္တာပို့တတ်မယ်ဆိုရင် ရေပူနဲ့ ချိုးလည်း ရေမေတ္တာ ပို့လို့ ရတာပါပဲ။

ရေအေးနဲ့ပဲ ချိုးချိုး၊ ရေနွေးနဲ့ပဲ ချိုးချိုး၊ ရေပူနဲ့ပဲ ချိုးချိုး၊ ကိုယ်ချစ်တဲ့သူကို ရေမေတ္တာပို့ပေးနေလို့ ရပါတယ်။

အဲဒါဆိုရင် ဘယ်လောက်ဝေးဝေး နီးနီးလေး ဖြစ် သွားတာပါပဲ။ ရေချိုးနေတုန်းမှာကို ကိုယ်ချစ်တဲ့သူက ကိုယ့် အနားမှာ ရှိနေတော့တာပါပဲ။ မေတ္တာနဲ့သာ သတိရနေရင်

http://www.dhammadownload.com

ဘယ်သူနဲ့မျှား ဝေးသေးလို့လဲ။

ဘယ်လောက်ဝေးဝေး၊ နီးနီးလေး၊ မှိုင်ငေးမနေရ။

မေတ္တာသန့်သန့်လေးနဲ့သာ သတိရတယ်ဆိုရင်တော့ မှိုင်တယ်၊ ငိုင်တယ်၊ ငေးတယ်၊ လေးတယ်၊ တွေးတယ်၊ ဆွေးတယ် ဆိုတာ မရှိတော့ပါဘူး။ ကြွေတယ်၊ ခွေတယ် ဆိုတာလည်း မရှိတော့ပါဘူး။ ကိုယ့်အနားမှာ သူအမြဲရှိနေမှတော့ ဘာများ မှိုင်ငေးနေစရာ လိုသေးလို့လဲ။ ဒါ့ကြောင့် . . .

မေတ္တာနဲ့သာ၊ အေးချမ်းစွာ၊ စိတ်မှာသတိရ။

ဘယ်လောက်ဝေးဝေး နီးနီးလေး၊ မှိုင်ငေးမနေရ။

■

http://www.dhammadownload.com

## ဝ, ခုတင်ဘေးမှာ လု, အမြဲရှိတယ်

အခုတရားနာပရိသတ်များက မှိုင်ငေးနေချင်တဲ့သူလား၊ ရွှင်လန်းနေချင်တဲ့သူလား။ ရွှင်လန်းနေချင်တဲ့သူတွေဆိုရင် ဘယ်လောက်ချစ်တဲ့သူတွေကိုပဲဖြစ်ဖြစ် သံယောဇဉ်နဲ့ သတိမရပါနဲ့၊ မေတ္တာနဲ့ သတိရလိုက်ပါ။

မေတ္တာပို့သောအားဖြင့်လည်း သတိရလိုက်ပါ။ ကူညီစောင့်ရှောက်ခဲ့တာတွေကို ပြန်တွေးသောအားဖြင့်လည်း သတိရလိုက်ပါ။ ဘာကူညီရဦးမလဲ၊ ဘယ်လိုစောင့်ရှောက်ရဦးမလဲ၊ ဘာလေးများ ဖြည့်ဆည်းပေးရဦးမလဲ ဆိုတာကို တွေးတောခြင်းအားဖြင့်လည်း သတိရလိုက်ပါ။

အဲဒါဆိုရင် ဘယ်လောက်များ ကောင်းထားမလဲ

http://www.dhammadownload.com

နော်။ 'ယသ္မိံ မနော နိဝိသတိ' ဆိုတဲ့ ဒီပါဋ္ဌိလေးကို ရှင်းပြနေတာပါနော်။

ပုဂ္ဂိုလ်တစ်ယောက်ရဲ့အပေါ်မှာ စိတ်ကလေးရောက်နေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်နဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ။ အဲဒီပါဋ္ဌိကိုပဲ နောက်နားကနေ ထပ်ပြီးတော့ ရှင်းပြထားသေးတယ်။

ပသန္နစိတ္တော။ အပြည့်အစုံပြောမယ်ဆိုရင်တော့ အန္တောပိ သော ဟောတိ ပသန္နစိတ္တော။ လိုရင်းကတော့ ပသန္နစိတ္တောပါပဲ။ သတိရတိုင်းလည်းပဲ မနီးသေးဘူးတဲ့။ အဆင့်ဆင့်သွားလိုက်တာပေါ့နော်။ ခုနပြောတဲ့အထဲမှာကိုက မေတ္တာနဲ့ သတိရရင် ဘယ်လောက်ဝေးဝေး နီးနီးလေးဆိုတော့ သတိရရုံသက်သက်နဲ့တော့ မနီးဘူး၊ မေတ္တာပွားမှ၊ မေတ္တာစာတ်တွေ ရှိနေမှ နီးတယ်ဆိုတဲ့ အဓိပ္ပာယ်က ပါတော့ ပါပြီးသားပါ။

ပသန္နစိတ္တော - ကြည်လင်တဲ့စိတ် ရှိရမယ်။

ကိုယ်သတိရလိုက်တဲ့ပုဂ္ဂိုလ်အပေါ်မှာ စိတ်ကြည်လင်နေမှ ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ။ သတိတော့ရတယ်၊ စိတ်က မကြည်ဘူး၊ စိတ်နောက်နေတယ်။ စိတ်က မအေးဘူး၊ စိတ်ပူနေတယ်။ စိတ်က မရှင်းဘူး၊ စိတ်ရှုပ်နေတယ်ဆိုရင် ဘယ်လောက်ဝေးဝေး နီးနီးလေး

http://www.dhammadownload.com

မဖြစ်သေးဘူးနော်။

တချို့ သတိရပေမယ့်လို့ စိတ်မကြည်တာလည်း မရှိဘူးလား။ ဘုရားကို သတိရတယ်ဆိုရင်တော့ စိတ်ကြည်တယ်။ သံဃာကို သတိရတယ်ဆိုရင်လည်း စိတ်ကြည်ပါတယ်။ မိဘကို သတိရရင်လည်း စိတ်ကြည်ပါတယ်။

ဒါကလည်း မိဘနဲ့ သားသမီးကြားမှာ အပြန်အလှန် နားလည်မှုရှိမှ စိတ်ကြည်တာနော်။ မိဘကို မကျေမနပ်ဖြစ်နေတဲ့သူဆိုရင် မိဘကို သတိရရင် စိတ်ကြည်ပါဦးမလား။ မကြည်ဘူး။ မိဘက သားသမီးအပေါ်မှာ နားလည်မှုလွဲနေလို့ သားသမီးက မိဘအပေါ်မှာ မကျေမနပ်ဖြစ်နေရင် မိဘသတိက သိပ်မကောင်းဘူး။

မိဘက သားသမီးကို သတိရ။ သားသမီးအပေါ်မှာ နားလည်မှု မရှိဘူးဆိုရင်လည်း သားသမီးကို သတိရရင် စိတ်မကြည်လင်ဘူး။ စိတ်မကြည်လင်ဘူးဆိုရင်တော့ ဘယ်လောက်ဝေးဝေး နီးနီးလေး မဟုတ်ဘူး။ သတိရပေမယ့်လည်း ဝေးနေသေးတာပဲနော်။

ပသန္နစိတ် ဖြစ်ဖို့ အရေးကြီးတယ်။ ဘာဖြစ်ဖို့ အရေးကြီးလဲ။ ပါဠိလို ပြောမယ်ဆိုရင်တော့ ပသန္နစိတ်၊ ကြည်လင်တဲ့စိတ်၊ နားလည်မှုရှိတဲ့စိတ်၊ သဘောထားမှန်တဲ့စိတ်၊ ယုံကြည်စိတ်ချတဲ့စိတ်။ အဲဒီလိုစိတ်မျိုးလေး ဖြစ်နေမှ

http://www.dhammadownload.com



သတိရတိုင်း နီးတာပါ။

ဒကာလေးတစ်ယောက်ကတော့ ပြောဖူးတယ်။ ဦးဇင်းရဲ့ ရှေ့မှာပဲ တခြားဒကာတစ်ယောက်ကို ပြောတာ။ 'ဝ, ခုတင်ဘေးမှာ အရှင်ဆန္ဒာဓိက အမြဲရှိတယ်' တဲ့။

ဘာတဲ့လဲ။

'ဝ, ခုတင်ဘေးမှာ အရှင်ဆန္ဒာဓိက အမြဲရှိတယ်' တဲ့။

'ဝ, စိတ်ပင်ပန်းလို့ရှိရင် အရှင်ဆန္ဒာဓိကကို သတိရလိုက်တယ်။ အရှင်ဆန္ဒာဓိကစာအုပ်တွေကို အိပ်ရာဘေးမှာ အမြဲထား၊ အဲဒီစာအုပ်တွေထဲက တစ်အုပ်အုပ်ကောက်ဖတ်လိုက်တယ်'

'စိတ်ပင်ပန်းနေတဲ့အချိန် အရှင်ဆန္ဒာဓိကရဲ့ စာအုပ် ဖတ်လိုက်ရင် စိတ်သက်သာသွားတယ်။ စိတ်ပူလောင်နေတဲ့အချိန် အရှင်ဆန္ဒာဓိကစာအုပ် ဖတ်လိုက်ရင် စိတ်အေးချမ်းသွားတယ်။ စိတ်နောက်ကျုနေတဲ့အချိန် အရှင်ဆန္ဒာဓိကရဲ့ စာအုပ် ဖတ်လိုက်ရင် စိတ်ကြည်လင်သွားတယ်' . . . တဲ့။ 'အရှင်ဆန္ဒာဓိကကိုလည်း အမြဲတမ်းသတိရပါတယ် . . . ' တဲ့။ 'ဒါ့ကြောင့် ဘယ်သူတွေဘာပဲပြောပြော ဝ, ခုတင်ဘေးမှာ အရှင်ဆန္ဒာဓိက အမြဲရှိတယ်' . . . တဲ့။

http://www.dhammadownload.com

ဝ, က လု, ကို သတိရလို့ရှိရင် ဝနဲ့လုနဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးပေါ့။ လုက ဝကိုသတိရလို့ရှိရင် လုနဲ့ဝနဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးပေါ့။ လုနဲ့ဝနဲ့ ကြားမှာ ဘာအရေးကြီးလဲ။ သတိရဖို့လည်း အရေးကြီးတယ်။ သတိရတိုင်း စိတ်ကြည်လင်ဖို့လည်း အရေးကြီးတယ်။

ကိုယ့်သတိရတိုင်း စိတ်နောက်ကျုနေမယ်ဆိုရင် လုနဲ့ဝနဲ့ နီးပါ့မလား။ လုတို့က ဝနဲ့ နီးချင်ကြလား။ ဒီနေ့ ဟောတဲ့တရား ဘာမှ မမှတ်မိရင်နေပါ။

'ဝ, ခုတင်ဘေးမှာ . . . . အရှင်ဆန္ဒာဓိက အမြဲရှိတယ်'

အဲဒါတစ်ခု မှတ်မိရင် တော်ပါပြီ။

တော်သေးတာပေါ့။ ခုတင်ဘေးမှာ ရှိလို့။ ခုတင်ပေါ်မှာဆိုရင် . . . မလွယ်ဘူးနော်။

ပြောမယ့်သာ ပြောရတာပါ။ တခြားဒကာလေးတစ်ယောက်ကတော့ 'ဝ, ခုတင်ဘေးမှာကို မဟုတ်ဘူး . . ၊ ဝ, ခုတင်ပေါ်မှာကို အရှင်ဆန္ဒာဓိက အမြဲရှိတာ' . . . တဲ့။ 'အရှင်ဘုရားရဲ့ ဓာတ်ပုံကို တပည့်တော်ရဲ့ ခုတင်ခေါင်းရင်း (ခေါင်းအုံးရဲ့ အပေါ်နား) မှာ အမြဲကပ်ထားတာဆိုတော့ တပည့်တော်ခုတင်ပေါ်မှာ အရှင်ဘုရား အမြဲရှိနေပါတယ်'

http://www.dhammadownload.com

. . . တဲ့။

ကဲ . . . မတတ်နိုင်ဘူး။ ခုတင်ဘေးထားလည်း ခုတင်ဘေးနေရုံပဲ။ ခုတင်ပေါ်ထားလည်း ခုတင်ပေါ်နေရုံပဲပေါ့။

ကြည်လင်တဲ့စိတ်နဲ့သာ သတိရနေရင် သတိရတိုင်း နီးနေတာပါပဲ။ ကြည်လင်တဲ့စိတ်နဲ့သာ အမြဲသတိရနေရင် ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ။

■

http://www.dhammadownload.com

## နားလည်မှုလွဲလို့ ...
## ... တို့ဝေးခဲ့ပြီ

ပသန္နစိတ္တော - ကိုယ်ချစ်တဲ့သူကို သတိရတဲ့အခါမှာ ကြည်လင်တဲ့စိတ်ရှိရမယ်။ မိဘနဲ့ သားသမီးပေမယ့်လည်း မကြည်လင်တဲ့စိတ်တွေနဲ့ သတိရနေတာ၊ စိတ်ရောက်နေတာလည်း မရှိတတ်ဘူးလား။ ရှိတတ်တယ်။

ဟိုတစ်နေ့ကပဲ ဒကာမကြီးတစ်ယောက် လျှောက်တယ်။ သူသိက္ခာထပ်ထားတဲ့ရဟန်းနဲ့ မခေါ်တာ ငါးလရှိပြီတဲ့။ ရဟန်းအစ်မနဲ့ ရဟန်း မခေါ်တာ ဘယ်လောက်ရှိပြီတဲ့တုံး။ ငါးလရှိပြီ။

ရဟန်းက ရဟန်းအစ်မကို သတိရတော့လည်း ကြည်လင်တဲ့စိတ်က ဖြစ်ရဲ့လား။ မဖြစ်တော့ဘူး။ ရဟန်း

http://www.dhammadownload.com

အစ်မက ရဟန်းကို သတိရတော့လည်း ကြည်လင်တဲ့စိတ်က ဖြစ်ရဲ့လား။ မဖြစ်တော့ဘူး။

သတိတော့ ရနေကြတာပဲ။ တစ်ယောက်နဲ့ တစ်ယောက် တာဝန်လည်း ကျေကြတယ်။ ဒါပေမဲ့ စကားမပြောဘူး။ ဘာဖြစ်လို့လဲဆိုတော့ နားလည်မှုတွေ လွဲနေတာကိုး။

လူကြီးနဲ့ လူငယ်ကြားမှာ နားလည်မှုတွေ လွဲပြီဆိုရင် ဘယ်သူက လွဲတာများတတ်တုံး။ လူကြီးက လွဲတာများတတ်ပါတယ်။

မိဘနဲ့ သားသမီးကြားဆိုရင်လည်း အများအားဖြင့် မိဘကပဲ သားသမီးအပေါ် နားလည်မှုလွဲတာ များပါတယ်။ တချို့လည်း သားသမီးက နားလည်မှုလွဲတာ ရှိတယ်။ တချို့လည်း မိဘက နားလည်မှုလွဲတာ ရှိတယ်။

အများအားဖြင့်တော့ လူကြီးနဲ့လူငယ်၊ မိဘနဲ့သားသမီးကြားမှာ ကြီးတဲ့သူက ငယ်တဲ့သူအပေါ်မှာ ကိုယ်ပုံသွင်းတဲ့အတိုင်း ဖြစ်စေချင်တယ်။ ကိုယ်ဖြစ်စေချင်သလိုပဲ ပြုမူလှုပ်ရှားစေချင်တယ်။ ကိုယ့်အလိုဆန္ဒအတိုင်းပဲ ရှင်သန်စေချင်တယ်။ အဲဒီစိတ်လေးတွေ မရှိတတ်ဘူးလား။ ရှိတတ်တယ်။ ဒီလိုမလုပ်နဲ့၊ ဒီလိုလုပ်ပါ။ ဒီလိုမပြောနဲ့၊ ဒီလိုပြောပါ။ ပုံမသွင်းချင်ကြဘူးလား။ ပုံသွင်းချင်ကြတယ်။

ဟိုလိုကြီး ပုံသွင်းတာမျိုး မဟုတ်တောင်မှ ကိုယ့်

http://www.dhammadownload.com

ဆန္ဒနဲ့ မကိုက်ညီတဲ့အလုပ်မျိုး မလုပ်စေချင်ဘူး။ ကိုယ့်ဆန္ဒနဲ့ မကိုက်ညီတဲ့အပြောမျိုး မပြောစေချင်ဘူး။ ကိုယ့်အလိုကျအတိုင်း ဖြစ်စေချင်တယ်။

ကောင်းစေချင်လို့ အဲဒီလို စိတ်မျိုး ထားတာကတော့ ဖြစ်သင့်ပါတယ်။ ကောင်းစေချင်လို့ဆိုတဲ့ ပုံမှန်အဆင့်ထက် လွန်ကဲပြီးတော့ လွှမ်းမိုးခြယ်လှယ်ချင်တဲ့ စိတ်မျိုးဖြစ်သွားတယ်ဆိုရင်တော့ တစ်ဖက်နဲ့တစ်ဖက်ကြားမှာ နားလည်မှု မလွဲသွားနိုင်ဘူးလား။ နားလည်မှု လွဲသွားနိုင်တယ်။

လူကြီးဖြစ်စေချင်တဲ့ဆန္ဒက တကယ်ကို ကောင်းကျိုးဖြစ်စေနိုင်တယ်ဆိုရင်တော့ လူငယ်က လိုက်နာရမှာပေါ့။ ကောင်းကျိုးမဖြစ်စေနိုင်ဘူးဆိုရင်တော့ လူငယ်က လိုက်နာနေစရာ မလိုပါဘူး။ လိုက်နာစရာ မလိုလို့ မလိုက်နာတာကို လူကြီးစကား နားမထောင်ဘူး၊ ပြောရဆိုရခက်တယ်လို့ စွပ်စွဲတာကတော့ လူကြီးဘက်က လုံးဝ မှားပါတယ်။

မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့် . . . စသည်လည်း နည်းတူပါပဲ။ 'ကောင်းစေချင်လို့ ပြောတာ' လို့ နာမည်ကောင်းတပ်လိုက်ရုံနဲ့ တကယ်ကောင်းသွားစေနိုင်တာမျိုး မဟုတ်တဲ့အတွက် ပြောတိုင်း နားမထောင်နိုင်တာ၊ ပြောသမျှ လက်မခံနိုင်တာကို နားလည်သဘောပေါက်ဖို့

လိုပါတယ်။ မိဘပြောသမျှ အမှန်၊ ဆရာပြောသမျှ အမှန် ဆိုတာ လုံးဝ သဘာဝမကျပါဘူး။ ခြုံငုံပြောရရင် လူကြီး ပြောသမျှ အမှန်ဆိုတာ လုံးဝ အဓိပ္ပာယ်မရှိပါဘူး။

လူကြီးတွေ၊ မိဘ, ဆရာတွေက လူငယ်တွေ၊ သား သမီး, တပည့်တွေကို 'ငါတို့ပြောသမျှ အမှန်' လို့ တစ်ဖက် သတ် လက်ခံစေချင်တာဟာ လူကြီးတွေ၊ မိဘ, ဆရာတွေ ဘက်မှာ နားလည်မှုမရှိဘူးဆိုတာကို ဖော်ပြနေတာပါပဲ။

လူကြီးကမှ လူငယ်အပေါ် နားလည်မှုမရှိမှတော့ လူငယ်က လူကြီးအပေါ် ဘယ်လိုလုပ် ပြန်နားလည်ပေးပါ တော့မလဲ။ မိဘကမှ သားသမီးအပေါ် နားလည်မှုမရှိမှ တော့ သားသမီးကလည်း မိဘအပေါ် ဘယ်လိုလုပ် နား လည်ပေးပါတော့မလဲ။ ဆရာကမှ တပည့်အပေါ် နားလည် မှု မရှိမှတော့ တပည့်ကလည်း ဆရာ့အပေါ် ဘယ်လိုလုပ် ပြန်နားလည်ပေးပါတော့မလဲ။

လူကြီးနဲ့ လူငယ်ကြား၊ မိဘနဲ့ သားသမီးကြား၊ ဆရာနဲ့ တပည့်ကြား အပြန်အလှန် နားလည်မှုတည် ဆောက်တဲ့နေရာမှာ သဘောထားကြီးဖို့ အဓိကအလိုအပ် ဆုံး၊ စတင်အလိုအပ်ဆုံးကတော့ လူကြီးပါပဲ၊ မိဘပါပဲ၊ ဆရာပါပဲ။

အဲဒီရဟန်းတော်နဲ့ အဲဒီရဟန်းအစ်မနဲ့ကြား ဘာ

http://www.dhammadownload.com

တွေ နားလည်မှုလွဲသလဲဆိုတာတော့ ဦးဇင်း မပြောလိုဘူး နော်။ အသေးစိတ်ကိုလည်း မသိဘူးလေ။ အရေးကြီးတာ ကတော့ လျှော့သင့်ရင် လျှော့ရမယ်။ လူကြီးဘက်က လျှော့ သင့်ရင် လူကြီးဘက်က လျှော့၊ လူငယ်ဘက်က လျှော့သင့် ရင် လူငယ်ဘက်က လျှော့။

■

http://www.dhammadownload.com

## မချစ်တတ်လေသမျှတော့ အချစ်ငတ်နေကြဦးမှာပါပဲ

သံယောဇဉ်တွေ သိပ်ကြီးပြီးတော့ ချစ်ပုံတွေ လွဲသွားရင်လည်း နားလည်မှုတွေ လွဲတတ်တာပဲ။ ကိုယ့်အနားမှာပဲ ရှိစေချင်၊ ကိုယ့်မျက်စိအောက်က အပျောက်မခံနိုင်၊ ကိုယ့်အလိုကိုပဲ အမြဲတမ်း လိုက်လျောစေချင်၊ ကိုယ်ဖြစ်စေချင်သလို လိုက်လုပ်ပေးမှ ကျေနပ်၊ အဲဒီလိုဆိုရင်တော့ နားလည်မှုလွဲကြတော့မှာ သေချာပါတယ်။

ဟိုတစ်နေ့က ဒကာမကြီးတစ်ယောက် ဘုရားဖူးရင်းနဲ့ သူ့သားနဲ့ စိတ်ဆိုးသတဲ့။ သူ့သားက အသက် ဘယ်နှနှစ်လဲဆိုတော့ ခြောက်နှစ်ပဲ ရှိသေးတယ်။ ဆွေမျိုးတွေ တစ်အုပ်ကြီးပေါ့လေ။ ဘုရားဖူးသွားကြတယ်။

— — — — — — —

http://www.dhammadownload.com

ဆွေမျိုးတွေချည်းပဲဆိုတော့ ဟိုအဒေါ်နဲ့ သွားလိုက်၊ ဟိုဦးလေးနဲ့ သွားလိုက်၊ ဟိုအစ်မနဲ့ သွားလိုက်၊ ဟိုအစ်ကိုနဲ့ သွားလိုက်နဲ့ ဒီလိုပဲသွားနေတာပေါ့။ တစ်အုပ်စုတည်း သွားနေတာပေါ့။ ဘုရားပေါ် လှည့်ပတ်နေရင်းနဲ့ ကလေးက အမေ့နားကနေ ရုတ်တရက် ပျောက်သွားတယ်။ ကလေးပျောက်သွားတော့ အမေက စိတ်ပူတာပေါ့လေ။

တကယ်တော့လည်း ဘုရားပေါ်မှာ ဆွေမျိုးတွေနဲ့ဆိုတော့ စိတ်ပူစရာတော့ မရှိပါဘူး။ အဲဒါ စိတ်ပူပြီးတော့ ဘုရားပေါ်က ဆင်းလာ၊ ကားပေါ်ရောက်တော့ ကားပေါ်မှာ ကလေးက ထိုင်လို့။ ကလေးက ကားပေါ်မှာ ဆွေမျိုးတွေနဲ့ အတူထိုင်နေတာပေါ့။

ကားပေါ်လည်းရောက်ရော အမေက ကလေးကို စကားကို လုံးဝ မပြောဘူးတဲ့။ သူ့မျက်စိအောက်က ပျောက်ရမလား ဆိုပြီးတော့ စိတ်ဆိုးတာလေ။

တကယ်ဆိုရင် ဆွေမျိုးတွေနဲ့ အတူတူသွားနေတာပဲ။ ကိုယ့်အနားက ပျောက်သွားတော့ရော ဘာဖြစ်လဲ။ ထွေထွေထူးထူးစဉ်းစားပြီးတော့ စိတ်ညစ်စရာ မလိုပါဘူးနော်။

ဒါပေမဲ့ ခံစားချက်ကသိပ်ပြင်းထန်တယ်။ ကလေးကို လုံးဝ စကားမပြောတော့ဘူး။ မရိုက်တာ တော်သေး

http://www.dhammadownload.com

တယ် ပြောရမှာပေါ့။ အဲဒါ အိမ်ရောက်တော့လည်းပဲ အိမ်မှာကို မအိပ်တော့ဘူး။ တခြားအိမ်မှာ သွားအိပ်တယ်တဲ့။ ဒီကလေးနဲ့ တစ်အိမ်တည်း မအိပ်ချင်လို့တဲ့။

အဲဒါကို ဘေးက အစ်ကိုတွေ မောင်တွေက ပြောကြတာပေါ့။ (၆)နှစ်သားလေးကို ဒီလို မဆက်ဆံသင့်ပါဘူး ပြောတော့ 'နင်တို့က ကလေးမှ မရှိတာဘဲ' လို့ ပြောလိုက်တယ်။ သွားပြောလိုက်တဲ့သူကလည်း လူပျိုကြီးဖြစ်နေတာကိုး။ နင်တို့က ကလေးမှ မရှိဘဲ ဘယ်ချစ်တတ်ပါ့မလဲတဲ့။

သူကတော့ ချစ်တတ်တာကျနေတာပဲ။ ကလေးရှိတိုင်း ကလေးကို ချစ်တတ်တယ် မထင်နဲ့နော်။ ချစ်တတ်တာလား၊ အချစ်လွဲနေတာလား။ အချစ်လွဲနေတာ။ ရုတ်တရက်ကြည့်လိုက်ရင်တော့ သိပ်ချစ်တာပဲ၊ သိပ်အချစ်ကြီးတာပဲလို့ ထင်စရာပဲနော်။ တကယ်တော့ အချစ်တွေ လွဲမှားနေတာ၊ အချစ်တွေ မှုမမှန်ဖြစ်နေတာ။

'မချစ်တတ်သောမိန်းမ၊ အချစ်ငတ်သော ယောက်ျား' ဆိုပြီးတော့ သတင်းစာထဲမှာလည်း ကြော်ငြာတွေ့ဖူးတယ်နော်။ 'မချစ်တတ်သောမိဘ၊ အချစ်ငတ်သောသားသမီး' ဖြစ်နေတယ်နော်။ ကောင်းပါ့မလား။ 'မချစ်တတ်သော ဆရာ၊ အချစ်ငတ်သော တပည့်' ဆိုရင်လည်း မကောင်းဘူး။ 'မချစ်တတ်သော မိတ်ဆွေ၊ အချစ်ငတ်သော

http://www.dhammadownload.com

သူငယ်ချင်း'။ ဒီလိုဖြစ်နေရင်လည်း မကောင်းဘူး။

မိဘနဲ့ သားသမီးကြား၊ ဆရာနဲ့ တပည့်ကြား၊ မိတ်ဆွေအချင်းချင်းကြား ချစ်တတ်ဖို့ အရေးကြီးပါတယ်။ ကိုယ်လိုရာကိုပဲ ပုံသွင်းချင်တယ်၊ အတ္တကြီးမားမယ်ဆိုရင် နားလည်မှု လွဲသွားမယ်။ နားလည်မှု လွဲသွားရင်တော့ တစ်ယောက်အပေါ် တစ်ယောက် ကြည်လင်တဲ့စိတ် မဖြစ်တော့ဘူး။

ဒါ့ကြောင့် 'မေတ္တာနဲ့သာ အေးချမ်းစွာ'တဲ့။ သတိရတဲ့ပုံစံလေးကို ပြောထားတာပါပဲ။ သတိရတိုင်း နီးတာတော့ မှန်တယ်။ ဒါပေမဲ့ စိတ်ကြည်လင်ပြီး ကောင်းသောနီးခြင်းနဲ့ နီးဖို့အတွက် ပြန်ဆိုလိုက်ပါ။

မေတ္တာနဲ့သာ၊ အေးချမ်းစွာ၊ စိတ်မှာသတိရ။
ဘယ်လောက်ဝေးဝေး၊ နီးနီးလေး၊ မှိုင်ငေးမနေရ။

ကြည်လင်တဲ့စိတ်နဲ့ သတိရဖို့ လိုအပ်တဲ့အတွက် ကိုယ့်စိတ်ကို ကြည်လင်အောင် ကြိုးစားပါ၊ ကိုယ့်စိတ်ကို အေးချမ်းအောင် ကြိုးစားပါ။ စိတ်မနောက်ပါစေနဲ့၊ စိတ်မပူပါစေနဲ့။ စိတ်မချတာတွေ သိပ်မများပါစေနဲ့။ စိတ်သိပ်မပူပါစေနဲ့။ စိတ်ပူတာတွေများ၊ စိတ်မချတာတွေ များရင်တော့ နားလည်မှု လွဲနိုင်ပါတယ်။ နားလည်မှုလွဲရင် သတိရပေမယ့် ဝေးနေဦးမှာပါပဲ။

http://www.dhammadownload.com

မင်းကျင့်တရားဆယ်ပါးထဲမှာ'ခန္တိစ အဝိရောဓနံ' ဆိုတဲ့ အင်္ဂါလေးနှစ်ချက်ပါတယ်။ ခန္တိ - သည်းခံခွင့်လွှတ် ရမယ်၊ ခံနိုင်ရည်ရှိရမယ်။ အဝိရောဓနံ - တစ်ဖက်သား ဆန္ဒကို မဆန့်ကျင်ရဘူး၊ နားလည်လိုက်လျောရမယ်။

မင်းကျင့်တရားဆယ်ပါးအနေနဲ့ မြတ်စွာဘုရား ဟောထားပေမယ့် မည်သူမဆို လိုက်နာကျင့်သုံးရမယ့် တရားပဲ။ သူတော်ကောင်း ဖြစ်လိုသူတိုင်း လိုက်နာကျင့်သုံး ရမယ့် တရားပဲ။ မင်းကျင့်တရားဆိုတာ လူကျင့်တရားပါပဲ၊ သူတော်ကောင်းကျင့်တရားပါပဲ။

ခန္တိ-သည်းခံတယ်ဆိုတာ ပါရမီဆယ်ပါးထဲမှာ မပါဘူးလား။ ခန္တိပါရမီဆိုပြီးတော့ ပါတယ်။ အဝိရောဓနံ- လိုက်လျောတယ်ဆိုတာလည်း ပါရမီဆယ်ပါးထဲ ထည့်မယ် ဆိုရင် မေတ္တာပါရမီထဲ ထည့်ရမှာပဲ။ ပညာပါရမီထဲ ထည့် လို့လည်း ရပါတယ်။

အဲဒီတော့ မိဘနဲ့ သားသမီးကြားထဲမှာလည်း သည်းခံခွင့်လွှတ်တတ်မယ်၊ နားလည်လိုက်လျောတတ်မယ် ဆိုရင် နားလည်မှုတွေ မလွဲတော့ဘူး။ ဒါဆိုရင် ကြည်လင် တဲ့စိတ်၊ အေးချမ်းတဲ့စိတ်နဲ့ တစ်ယောက်ကို တစ်ယောက် သတိရပြီးတော့ ဘယ်လောက်ဝေးဝေး နီးနီးလေး ဖြစ်သွား ပါလိမ့်မယ်။

http://www.dhammadownload.com

တစ်ယောက်နဲ့တစ်ယောက် သတိတော့ရနေပါရဲ့။ စိတ်တော့ ရောက်နေပါရဲ့။ စိတ်ကြည်လင်မှု မရှိဘူး၊ စိတ်အေးချမ်းမှု မရှိဘူး၊ အမြင် မကြည်လင်ဘူး၊ သဘောထား မပြင်ဘူးဆိုရင်တော့ ဘယ်လောက်ဝေးဝေး နီးနီးလေး မဖြစ်တော့ဘဲနဲ့ ဘယ်လောက်နီးနီး ဝေးဝေးကြီး ဖြစ်သွားမှာပေါ့။

တစ်အိမ်တည်း အတူတူနေပြီးတော့ ဝေးနေတဲ့သူတွေ မရှိဘူးလား။ ရှိတာပဲ။ တစ်အိမ်တည်း အတူတူနေပြီးတော့ မခေါ်နိုင် မပြောနိုင်၊ မိဘနဲ့ သားသမီး မခေါ်နိုင် မပြောနိုင်၊ ဇနီးခင်ပွန်းချင်း မခေါ်နိုင် မပြောနိုင်၊ အဘိုးနဲ့ အဘွားနဲ့မြေးနဲ့ မခေါ်နိုင် မပြောနိုင် စသည်အားဖြင့် ဖြစ်နေကြတာတွေ အများကြီးရှိပါတယ်။ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်ပြီးတော့ သဘောပေါက်ပေါ့နော်။

သတိရရင် ဘယ်လောက်ဝေးဝေး နီးနီးလေးဆိုတဲ့ အဓိပ္ပာယ်ကို ဘာအကြောင်းပြုပြီး မြတ်စွာဘုရား ဟောသလဲဆိုရင် လူ့သက်တမ်းတိုတောင်းလွန်းတာကို အကြောင်းပြုပြီး ဟောတာပါ။ အာယုသင်္ခါရလို့ခေါ်တဲ့ လူ့သက်တမ်းဟာ အင်မတန် မြန်တဲ့အကြောင်း ဟောကြားရင်းနဲ့ မြတ်စွာဘုရားရှင်က အတိတ်ဇာတ်ကြောင်းကို ပြောပြပါတယ်။

■

http://www.dhammadownload.com

# ချစ်သမျှကို လှစ်ပြပို့ လိုပါတယ်

တစ်ခါတုန်းက ဦးဇင်းတို့ မြတ်စွာဘုရားလောင်း ဇဝနဟင်္သာလို့ခေါ်တဲ့ ဟင်္သာမျိုးမှာ ဖြစ်ခဲ့ပါတယ်။ ဇဝန ဆိုတာ လျင်မြန်တာ။ အပြေးအင်မတန်မြန်တဲ့ ဟင်္သာမျိုးမှာ ဖြစ်ခဲ့ဖူးတယ်။ ဟင်္သာကိုးသောင်းကို ကြီးမှူးအုပ်ချုပ်ရတဲ့ ရွှေဟင်္သာမင်းကြီး ဖြစ်ခဲ့ဖူးတယ်။

ရွှေဟင်္သာမင်းကြီးက တစ်နေ့တော့ စားကျက်က နေ သူတို့နေထိုင်တဲ့ စိတ္တကူဋ်တောင်ဆိုတဲ့တောင်ကို ပြန်လာတော့ ဗာရာဏသီမြို့ပေါ်ကနေ ဖြတ်သန်းလာတယ်။ ဗာရာဏသီမြို့ပေါ်မှာ ဟင်္သာကိုးသောင်း ခြံရံပြီးတော့ သွားတယ်။ ဗာရာဏသီမင်းကြီးကလည်း နန်းတော် လေ

http://www.dhammadownload.com

သာပြတင်းကနေ ကောင်းကင်ကို မော့ကြည့်တော့ ဟင်္သာအုပ်ကို တွေ့တယ်။

ရှေ့ဆုံးက ဟင်္သာမင်းကြီးက တောင်ပံတွေ ဖြန့်လို့ ရွှေရောင်တွေ တောက်လို့ ကောင်းကင်ပေါ်မှာ ရွှေပြားကြီး ချိတ်ထားသလို ဖြစ်နေတယ်။

'ဩော် . . . သူလည်းပဲ ငါ့လို မင်းဖြစ်မှာပဲ ထင်တယ်။ သူနဲ့ တွေ့ချင်လိုက်တာ'

ကောင်းကင်မှာ ပျံသန်းနေတဲ့ ရွှေဟင်္သာမင်းကို မြင်တာနဲ့ မြင်မြင်ချင်းပဲ ချစ်မိတယ်။ အဲဒါနဲ့ မင်းချင်းယောကျ်ားတွေကို နန်းတော်ထဲကိုခေါ်။ တူရိယာမျိုးစုံ တီးမှုတ်ပြီးတော့ ဂုဏ်ပြုတယ်။

တူရိယာတီးမှုတ်တဲ့အသံတွေ ကြားတော့၊ ပန်းနံ့သာတွေ ကိုင်ပြီးတော့ ပူဇော်နေတာတွေ မြင်တော့ ရွှေဟင်္သာမင်းကြီးက အောက်ကို ငုံ့ကြည့်။ ပြီးတော့မှ သူ့တပည့်တွေကို မေးလိုက်တယ်။

'ရှင်ဘုရင်က အခုလို တူရိယာတီးမှုတ်နေတာ ဘာဖြစ်ချင်လို့တုံး'

'အရှင်မင်းကြီးနဲ့ ရွှေဟင်္သာမင်းကြီး မိတ်ဆွေဖွဲ့ချင်လို့ ဖြစ်ပါလိမ့်မယ်'

'ကဲ . . ဒါဆိုလည်း မိတ်ဆွေဖွဲ့ကြတာပေါ့' ဆိုပြီး

http://www.dhammadownload.com

တော့ ရွှေဟသာမင်းက ကောင်းကင်ပေါ်ကနေ ဆင်းလာပြီး ဇာရာဏာသီမင်းနဲ့ စကားစမြည်ပြောပြီးတော့ မိတ်ဆွေဖွဲ့တယ်။ ရွှေဟသာမင်းကြီးကလည်း ဇာရာဏာသီမင်းကြီးကို မြင်မြင်ချင်း ချစ်သွားတယ်။ ဇာရာဏာသီမင်းကြီးကလည်း ရွှေဟသာမင်းကြီးကို မြင်မြင်ချင်း ချစ်သွားတယ်။ အတိတ်က ရေစက်တွေလေ။

'မြင်မြင်ချင်းကွယ် . . . ဘာ့ကြောင့်များ ချစ်ချင်တယ် . . . ဘဝဟောင်းက ပို့ဆုတောင်းကြောင့်ထင်တယ်' ဆိုတဲ့ စာသားလေး ရှိတယ်နော်။ အမှန်က ဆုတောင်းသက်သက်နဲ့တော့ မြင်မြင်ချင်း မချစ်နိုင်ပါဘူး။ စိတ်တူကိုယ်တူ ကုသိုလ်အတူတူ ပြုခဲ့ဖူးမှ၊ တစ်ယောက်အကျိုးတစ်ယောက် မေတ္တာအပြည့်နဲ့ ဆောင်ခဲ့ဖူးမှ မြင်မြင်ချင်း ချစ်နိုင်တာပါ။

အတိတ်က ကုသိုလ်ကောင်းမှုလည်း အတူပြုခဲ့ဖူးမယ်၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင်ပြီး ဘဝတိုင်း ဆုံတွေ့ချင်စိတ်လည်း ရှိမယ်ဆိုရင် ဆုံတွေ့တဲ့ဘဝမှာ မြင်မြင်ချင်း ချစ်သွားတတ်ကြပါတယ်။

'မြင်မြင်ချင်း ချစ်တယ်' ဆိုတဲ့ နေရာမှာ အမျိုးသားနဲ့ အမျိုးသမီး သမီးရည်းစားချစ် ချစ်သွားတာ တစ်ခုတည်းကို ဆိုလိုတာ မဟုတ်ပါဘူး။ ညီအစ်ကိုလို၊ မောင်နှမလို၊ သားသမီးလို ချစ်သွားတာတွေ၊ ချစ်တာအားလုံး ပါဝင်

http://www.dhammadownload.com

ပါတယ်။

အမှန်ကတော့ ဘာလိုချစ်သွားတယ်၊ ညာလို ချစ်သွားတယ်လို့ နာမည်တပ်မယ့်အစား ချစ်တာကို ချစ်တယ်လို့ပဲ ရိုးရိုးလေးထားလိုက်တာ ကောင်းပါတယ်။ ဘာလိုပဲချစ်ချစ်၊ ညာလိုပဲချစ်ချစ်၊ ချစ်တာဟာ ချစ်တာပါပဲ။

အခု ဒီမှာကြည့်လေ . . .၊ ဇာရာဏာသီမင်းကြီးနဲ့ ရွှေဟသာမင်းကြီးနဲ့ မြင်မြင်ချင်း ချစ်သွားကြတာ၊ သားအဖလိုလို့ ပြောမလား၊ ညီအစ်ကိုလိုလို့ ပြောမလား။ ဘာလိုမှလို့ကို မပြောနဲ့တော့။ မြင်မြင်ချင်း တစ်ဦးနဲ့တစ်ဦး အရမ်းချစ်သွားကြတယ်ဆိုရင် တော်ပါပြီ၊ လုံလောက်ပါပြီ။

တစ်ယောက်အကျိုးတစ်ယောက် လိုလားတဲ့ မေတ္တာစိတ်အပြည့်နဲ့သာ ချစ်ကြမယ်ဆိုရင် ဘာလိုပဲချစ်ချစ်၊ ညာလိုပဲချစ်ချစ်ပေါ့။ ချစ်ဖို့အဓိကပါပဲ။ ဘာလိုချစ်နေတယ်၊ ညာလိုချစ်နေတယ်ဆိုပြီး ပုဒ်မတပ်၊ အပြစ်ဖွဲ့နေစရာ မလိုပါဘူး။

ဇာရာဏာသီမင်းကြီးဆိုရင်လည်း တခြားသူမဟုတ်ဘူး။ အရှင်အာနန္ဒာလောင်းပါပဲ။ ပါရမီတွေ အတူတူ ဖြည့်ခဲ့ကြတာဆိုတော့ မြင်မြင်ချင်း ချစ်ကြတာပေါ့။ မိတ်ဆွေဖွဲ့ပြီးတော့ ရွှေဟသာမင်းက ပြန်သွားပါတယ်။

ဇာရာဏာသီမင်းကြီးက ပန်းနံ့သာတွေ ကိုင်ပြီး

http://www.dhammadownload.com

တော့ ပူဇော်တာဆိုတော့ ရွှေဟင်္သာမင်းကြီးကလည်း သူ လည်း ချစ်ပါတယ်ဆိုတာကို သက်သေပြတဲ့အနေနဲ့ တစ်နေ့ ကျတော့ အနောဒတ်အိုင်က ရေကို တောင်ပံတစ်ဖက်နဲ့ ခပ်လာတယ်။ စန္ဒကူးနံ့သာမွှေးတွေကို တောင်ပံတစ်ဖက်နဲ့ ယူလာတယ်။

ဗာရာဏသီမင်းကြီးကို အနောဒတ်အိုင်က ရေနဲ့ ရေချိုးပေး၊ ပြီးတော့မှ စန္ဒကူးနံ့သာတွေ ကျဲပြီးတော့ သူ့ရဲ့ နေရာကို ပြန်သွားပါတယ်။ ချစ်ကြောင်းကို သက်သေပြ လိုက်တာပေါ့နော်။

တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်ဆိုတဲ့ နေ ရာမှာ စိတ်ထဲကနေ ချစ်နေရုံနဲ့ မပြီးဘူး။ ပါးစပ်ကနေ ချစ်ပါတယ်လို့ ပြောနေရုံနဲ့လည်း မပြီးဘူး။ ကိုယ်နဲ့နှုတ်နဲ့ လည်း ကိုယ်အပြုအမူ၊ နှုတ်အပြောအဆိုနဲ့လည်း ချစ်တဲ့ အကြောင်း သက်သေပြဖို့ လိုသေးတယ်။ ချစ်တဲ့သဘော သက်ရောက်တဲ့ အပြုအမူ၊ ချစ်တဲ့သဘော သက်ရောက်တဲ့ အပြောအဆိုတွေနဲ့ ချစ်တာကို သက်သေပြဖို့ လိုပါတယ်။

တချို့ကပြောကြတယ်။ မိဘက သားသမီးကို ချစ် ရင် အိပ်နေတုန်း နမ်းရမယ် . . . တဲ့။ ရှေ့မှာနမ်းရင် ရောင့် တက်မှာစိုးလို့တဲ့။ ကိုယ်ချစ်တာကို သားသမီး မသိစေနဲ့ . . . တဲ့။ ချစ်တာကို ရင်ထဲမှာပဲထား၊ အပြင်မှာ မပြနဲ့ . . .

http://www.dhammadownload.com

တဲ့။ အဲဒီအယူအဆတွေက မှားပါတယ်နော်။

ဘုရားအဆုံးအမနဲ့လည်း လုံး၀ ဆန့်ကျင်ပါတယ်။ မြတ်စွာဘုရားရှင်က မေတ္တာကာယကံ၊ မေတ္တာ၀စီကံ၊ မေ-တ္တာမနောကံ(မေတ္တာအပြုအမူ၊ မေတ္တာအပြောအဆို၊ မေ-တ္တာအတွေးအကြံ)ကို ရှေ့တွင်မှာရော၊ ကွယ်ရာမှာပါ အထင်အရှားပြရမယ်လို့ အတိအလင်း ဟောကြားထားပြီး သားပါ။ မေတ္တာဆိုတာ ဝှက်ထား (ဖွက်ထား) ရမယ့်အရာ မဟုတ်ပါဘူး။ ဖော်ထုတ်ပြသရမယ့်အရာပါ။

သားသမီးကို ချစ်တယ်ဆိုရင် ချစ်ကြောင်း သက်သေပြရမှာပေါ့။ သားသမီးရဲ့ စိတ်ထဲမှာ 'ဩော် . . . ငါ့အဖေ ငါ့အမေက ငါ့ကို သိပ်ချစ်ပါလား' ဆိုတဲ့ အသိလေး စွဲစွဲမြဲမြဲ ၀င်သွားဖို့ အရေးကြီးပါတယ်။

မိဘနဲ့ သားသမီးမှ မဟုတ်ဘူး။ ဘယ်သူမဆိုပေါ့လေ။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာတကယ်ရှိလို့ ချစ်ကြပြီဆိုရင် ချစ်ကြောင်းကို သက်သေပြဖို့ လိုပါတယ်။ ချစ်ကြောင်းသိအောင် သက်သေပြလိုက်ဦးမယ်ဆိုပြီးတော့ ဒီလို ဟန်လုပ်တာကို ဆိုလိုတာတော့ မဟုတ်ဘူးနော်။

■

http://www.dhammadownload.com



## ဇာနိပိုးအနှစ်သိလေ အမှန်တိုးချစ်မီငှလ

အဲဒီလိုနဲ့ ဗာရာဏသီမင်းကြီးနဲ့ ရွှေဟင်္သာမင်းကြီးတို့ အင်မတန်ချစ်ကြတဲ့ မိတ်ဆွေတွေ ဖြစ်ကြ။ ဗာရာဏသီမင်းကြီးကလည်း ရွှေဟင်္သာမင်းကြီး ဘယ်တော့လာမလဲ ဆိုပြီးတော့ မျှော်နေတယ်။

တစ်နေ့ကျတော့ ရွှေဟင်္သာမင်းကြီးကို ညီငယ်နှစ်ယောက်က နေမင်းကြီးနဲ့ အပြေးပြိုင်ချင်တယ်လို့ တောင်းဆိုတယ်။ ရွှေဟင်္သာမင်းကြီးက တားတယ်။ မရဘူး။

'သူတို့တော့ ဒုက္ခရောက်တော့မှာပဲ'

ယုဂန္ဓိုရ်တောင်ထိပ်မှာ ညီတော်ရွှေဟင်္သာ နှစ်ကောင်ရယ်၊ ရွှေဟင်္သာမင်းကြီးရယ် သုံးကောင်နေကြ

http://www.dhammadownload.com

တယ်။ နေလည်း ထွက်လာရော၊ ညီအငယ်ဆုံးက နေနဲ့ ပြိုင်ပြေးတယ်။ နေထွက်တဲ့အချိန်ကျတော့ သူဆက်မပြေး နိုင်တော့ဘူး။ တောင်ပံကြားထဲက မီးတွေ ထတောက်လာ တယ်။ အဲဒီကျတော့မှ နောင်တော်ကြီး ကယ်ပါဦးဆိုတော့ ရွှေဟင်္သာမင်းကြီးက တောင်ပံနှစ်ဖက်နဲ့ ပိုက်ထွေးပြီးတော့ ခေါ်လာခဲ့တယ်။ အစောင့်အရှောက်တွေနဲ့ ထားပေါ့လေ။

တစ်ခါပြန်သွားပြီးတော့ ညီအလတ်ကို ခေါ်ရပြန် တယ်။ ညီအလတ်ကလည်း နေမင်းကြီးနဲ့ ပြိုင်ပြေးတာ၊ သူကတော့ အလတ်ဆိုတော့ အငယ်ထက်စာရင် အစွမ်းရှိ သေးတယ်။ မွန်းတည့်ချိန်ကျမှ တောင်ပံတွေကြားထဲက မီးတွေ ထတောက်။ အင်မတန် ပူလောင်။ ဆက်ပြီးတော့ မပြေးနိုင်တော့ဘူး။

နောက်တော့မှ နောင်တော်ကြီး ကယ်ပါဦး ဆို တော့ တောင်ပံနှစ်ခုနဲ့ထွေးပိုက်ပြီးတော့ ခေါ်သွားပါတယ်။

ညီနှစ်ယောက် မပျံနိုင်တာသိတော့ ရွှေဟင်္သာမင်း ကြီးကလည်း သူ့အစွမ်းကို စမ်းချင်တယ်။ 'နေမင်းကြီးနဲ့ငါ ပြိုင်ပြီး ပြေးနိုင်ပါ့မလား။ ငါစမ်းကြည့်ဦးမှပဲ' ဆိုပြီးတော့ တောင်ပေါ်ကို ပြန်သွား။ နေမင်းကြီးက မွန်းတောင်တည့် နေပြီ။

အဲဒါ နေနောက်ကနေ အတင်းလိုက်။ မီးရုံမက

http://www.dhammadownload.com

ဘူး။ တစ်ခါတစ်ရံမှာ နေရဲ့ ရှေ့က ပြေးလိုက်၊ တစ်ခါတစ်ရံမှာ နေရဲ့နောက်က ပြေးလိုက်။ နေရဲ့ ရှေ့နောက်ဝဲယာက နေ အမျိုးမျိုး ပြေးနေတယ်။ နေကို မီရုံမကဘူး၊ နေရဲ့ ရှေ့ကတောင် သူက ရောက်နေသေးတယ်။

ပြေးရင်းပြေးရင်းနဲ့ 'နေမင်းနဲ့ ဒီလိုပြိုင်ပြေးနေလို့ ဘာအကျိုးမှ မရှိပါဘူး။ ငါ့ရဲ့မိတ်ဆွေ ဗာရာဏသီမင်းကြီး ဆီ သွားပြီးတော့ အာလာပသလ္လာပစကားလေးပြောရင်း ကိုယ့်နေရာကို ပြန်တာပဲ ကောင်းပါတယ်' ဆိုပြီးတော့ ဗာရာဏသီပြည်ကို ပြန်လာတယ်။

ပြန်မလာခင်လေးမှာ စကြဝဠာကို တစ်ပတ်ပတ်လိုက်သေးတယ်။ နေတောင်မှ စကြဝဠာကြီးကို တစ်ပတ်မပတ်ရသေးဘူး။ ရွှေဟင်္သာမင်းကြီးက တစ်ပတ်ပတ်ပြီးပြီ။

ပတ်ပြီးတော့ ပြန်လာ။ မင်းကြီးရဲ့လေသာပြတင်းပေါက်မှာ ထိုင်ပြီးတော့ နားပေါ့လေ။ ဗာရာဏသီမင်းကြီးကလည်း ပျားရည်နဲ့လုပ်ထားတဲ့ ပေါက်ပေါက်တွေ၊ သကာရည်တွေ စသည်နဲ့ ဧည့်ခံပေါ့လေ။ ပြီးတော့မှ နေမင်းကြီးနဲ့ အပြေးပြိုင်ခဲ့တယ်ဆိုတဲ့အကြောင်းကို ပြန်ပြောပြတယ်။

ပြောပြတော့ နေမင်းနဲ့ ပြိုင်ပြေးပုံလေး ကြည့်ချင်လိုက်တာ။ သင်ပြိုင်ပြေးပြပါလား။ နေမင်းကြီးနဲ့ ပြိုင်ပြေးတာ အောက်ကနေ မင်းကြီးက ဘယ်လို ကြည့်လို့ရမှာလဲ။

http://www.dhammadownload.com

မရဘူးနော်။ ဒါ့ကြောင့် အဲဒီလိုတော့ ပြိုင်ပြေးပြလို့ မရဘူး။

'နမူနာလေးတော့ ပြပါ' ဆိုတော့ 'ကဲ. . . ဒါဆိုရင် နမူနာလေးတော့ပြမယ်'။ ရွှေဟင်္သာမင်းကြီး ဘယ်လောက် မြန်သလဲဆိုတာကို သူက သိချင်တာလေ။ နေနဲ့ ပြိုင်တာ တော့ ပြလို့ မရဘူး။ သူဘယ်လောက်မြန်သလဲဆိုတာကို တော့ ပြလို့ ရပါတယ်။

အဲဒါနဲ့ မင်းရင်ပြင်မှာ ကျောက်တိုင်တစ်တိုင်စိုက်။ အဲဒီကျောက်တိုင်မှာ အင်မတန်ကျွမ်းကျင်တဲ့ လေးသည် တော်လေးယောက်ကို အရပ်လေးမျက်နှာကို လှည့်ပြီးတော့ မြားတွေ ပစ်ခိုင်းတယ်။

အဲဒီအရပ်လေးမျက်နှာကို ပစ်လိုက်တဲ့ မြားတွေ ကို အဲဒီမြားတွေ မြေကြီးပေါ်မကျခင် ရွှေဟင်္သာမင်းက မြားလေးစင်းလုံးကို ယူပြီးတော့ အဲဒီလေးသည်တော်ကြီးရဲ့ ရှေ့မှောက်မှာ ချပြပါမယ်။

အဲဒီတော့ အကျွမ်းကျင်ဆုံး၊ အတော်ဆုံး အထူး ချန်ပီယံ လေးသည်တော်လေးယောက်ကလည်း . . နေရာ ကစ်နေရာတည်းကနေ ကျောချင်းဆိုင်ပြီး အရပ်လေးမျက် နှာကို မြားတွေကို အင်မတန် လျှင်မြန်လွန်းတဲ့နှုန်းနဲ့ ပစ် လိုက်တာပေ့ါ။ အဲဒီမြားတွေကို ရွှေဟင်္သာမင်းကြီးက မြေ ကြီးပေါ်ကို မကျခင် လေးချောင်းလုံး (လေးစင်းလုံး) ယူပြ

http://www.dhammadownload.com

နိုင်ခဲ့တယ်။

ပြေးတာ၊ ပျံတာ မြန်လွန်းလို့ ရွှေဟင်္သာမင်းကြီးကို ဘယ်သူကမှ မမြင်ရဘူး။ ရွှေဟင်္သာမင်းကြီးရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ ဆည်းလည်းသံလေး နားထောင်ပြီးတော့ ရွှေဟင်္သာမင်းကြီး ပြေးနေတယ်၊ ပျံနေတယ်ဆိုတာ သိရပါတယ်။

အဲဒါနဲ့ ဗာရာဏသီမင်းကြီးက ရွှေဟင်္သာမင်းကြီးကို သဘောကျသွားတယ်။ နဂိုကတည်းက ချစ်ပြီးသား၊ သူ့အစွမ်းအစကို သိတော့ ပိုချစ်သွားတာပေါ့။

'ရွှေဟင်္သာမင်းကြီး၊ ကိုယ့်နေရပ်တောင်ကို မပြန်ပါနဲ့တော့။ နန်းတော်မှာပဲ တစ်သက်လုံးနေပါ'

ဗာရာဏသီမင်းကြီး ပြောတဲ့စကားတွေတော့ အများကြီးပေါ့လေ။ အကုန်လုံး မပြောတော့ဘူး။ အကြမ်းဖျင်းပြောရမယ်ဆိုရင်တော့ . . .

'လောကမှာ ဂုဏ်သတင်းကြားရုံနဲ့၊ အသံကြားရုံနဲ့ ချစ်တယ်။ ဒါပေမဲ့ တကယ်လည်း တွေ့လိုက်ရော မချစ်တော့ဘူး။ အဲဒီလို အမျိုးအစားလည်းရှိတယ်။ ဂုဏ်သတင်းကြားတုန်းက၊ အသံကြားတုန်းကလည်း ချစ်တယ်၊ တကယ်မြင်တွေ့ပြီဆိုတော့လည်း ချစ်တယ်။ အဲဒီလို အမျိုးအစားလည်း ရှိတယ်'

http://www.dhammadownload.com

'ရွှေဟင်္သာမင်းကြီးရဲ့ ဂုဏ်သတင်းတွေကို ကြားက တည်းက ချစ်ပြီးသား။ တကယ်မြင်တွေ့ရတဲ့အခါကျတော့ အချစ်တွေ ပိုပြီးတော့ တိုးလာတယ်။ ဝေးဝေးမသွားပါနဲ့။ ကိုယ့်နေရာကိုယ် မပြန်ပါနဲ့တော့။ ဒီမှာပဲ နေပါ'

■

http://www.dhammadownload.com

## အပြန်အလှန် သတိမမေ့ရင် အမှန်အကန်ထိတွေ့ နေပါတယ်

ရွှေဟင်္သာမင်းကြီးကလည်း 'နန်းတော်မှာတော့ မနေပါရစေနဲ့။ တစ်နေ့ မင်းကြီးအရက်မူးလို့ ရွှေဟင်္သာသား စားချင်တယ်ဆိုပြီးတော့ ချက်ခိုင်းလိုက်ရင် သေရလိမ့်မယ်။ ဒါ့ကြောင့်မို့လို့ မနေပါရစေနဲ့' ဆိုတော့ . .

'ကျွန်ုပ်ဟာ စားစရာ သောက်စရာတွေကို အင်မတန်ချစ်တာ မှန်ပါတယ်။ ကျွန်ုပ်သိပ်ချစ်တဲ့ အစားအသောက်တွေထက် ရွှေဟင်္သာမင်းကြီးကို ပိုချစ်ပါတယ်။ ဒါ့ကြောင့် ရွှေဟင်္သာမင်းကြီး နန်းတော်မှာနေသမျှကာလ ပတ်လုံး အရက်မသောက်တော့ပါဘူး'

ဗာရာဏသီမင်းကြီး ပြောလိုက်တဲ့စကား . . .

http://www.dhammadownload.com

သိပ်ကောင်းတာပဲ။ အရမ်းချစ်ပါတယ်ဆိုသူတွေအတွက် နမူနာယူစရာ ချစ်နည်းလမ်းညွှန်ပါပဲ။ 'မင်း ဒီမှာရှိနေသမျှ ကိုယ် အရက်မသောက်တော့ဘူး' . . . တဲ့။

လူတစ်ယောက်ကို တကယ်ချစ်ပြီဆိုရင် အဲဒီလူ မလုပ်စေချင်တဲ့အလုပ် မလုပ်တော့ဘူး။ အဲဒီလူရဲ့ လိုအင်ဆန္ဒကို လိုက်လျောတယ်။

တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ပြီဆိုရင် တစ်ဖက်သားကို နေရာတကာ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း လိုက်ဖြစ်စေချင်လို့ ရပါ့မလား။ မရဘူး။ နားလည်ခွင့်လွှတ်သင့်တာကို နားလည်ခွင့်လွှတ်ရမယ်။ လိုက်လျောသင့်တာကို လိုက်လျောရမယ်။ တကယ့်ကို ဆိုးပြစ်တွေ ဖြစ်မယ့်ဟာ ဆိုရင်တော့ တားဆီးရမှာပေါ့။

ဦးဇင်းတို့ စာသင်သားဘဝတုန်းက စစ်ကိုင်း၊ ကံတလူဘုရားကို ဘုရားသွားဖူးတော့ ဘုရားမှာ စုံတွဲတစ်တွဲ တွေ့တယ်။ သမီးရည်းစားလား၊ ဇနီးခင်ပွန်းလားတော့ မပြောတတ်ဘူး။ အတွဲလိုက်ချောင်းတာ မဟုတ်ဘူးနော်။ ဘုရားပတ်ဖူးရင်း အလိုအလျောက် တွေ့တာ။

အဲဒီမှာ 'ကံမထူရင် ကံတလူမှာ အောင်မြေနင်းပါ' ဆိုတဲ့စကားကလည်း ရှိတာကိုး။ ရှိတော့ အမျိုးသမီးလေးက အောင်မြေကို သွားနင်းတယ်။ အောင်မြေနင်းပြီး

http://www.dhammadownload.com

တော့ အဲဒီအောင်မြေအကွက်၊ အောင်မြေကျင်းကြီးထဲမှာ ပတ်လည်း ပတ်လိုက်ရော အမျိုးသားက လက်ကို ဆောင့်ဆွဲပြီးတော့ ရင်ပြင်ပေါ်ကို တရွတ်တိုက် ဆွဲခေါ်သွားတယ်။

'နင့်ကို ဒီလိုလုပ်တာ ငါမကြိုက်ဘူးလို့ ပြောထားသားနဲ့။ ဒီလို အောင်မြေနင်းရုံနဲ့ အောင်မြင်မှာလား။ အဓိပ္ပာယ်မရှိတာတွေ လျှောက်လုပ်နေတယ်' . . . ဘာညာနဲ့ စွပ်စွဲပြီးတော့ အနီးနားမှာရှိတဲ့ တုတ်တစ်ချောင်းနဲ့ ကောက်ရိုက်တော့တာပါပဲ။

အမျိုးသမီးလေးခမျာ မျက်ရည်လည်ရွဲနဲ့ ငိုယိုပြီး တောင်းပန်ရှာတယ်။ တောင်းပန်လေ၊ ရိုက်လေပါပဲ။

အောင်မြေလေးနင်းရုံနဲ့ ရိုက်တယ်ဆိုတာ မလွန်လွန်းဘူးလား။ အင်မတန်ဝဋ်ကြွေးကြီးတဲ့ အမျိုးသမီးလေးပါပဲ။ ဒီလို အနိုင်ကျင့်တတ်တဲ့သူ၊ ရက်စက်တတ်တဲ့သူနဲ့ တွေ့တာ ဝဋ်ကြွေးရှိလို့ပေါ့။

ချစ်လွန်းလို့ အနိုင်ကျင့်တာတော့ မဖြစ်နိုင်ပါဘူး။ အနိုင်ကျင့်ချင်လို့ ချစ်တာ . . . အင်း . . . မဟုတ်ဘူး . . . ချစ်တာလည်း မဖြစ်နိုင်ပါဘူး။ ချစ်ရင် ဘာမှ အနိုင်ကျင့်စရာ မလိုပါဘူး။

'ဒီအချိန်မှာ . . . နားလည်သင့်ပြီ'

လူတိုင်းလူတိုင်း ဘယ်သူမဆိုလေ။ သမီးရည်းစား

http://www.dhammadownload.com

ချင်းမှ မဟုတ်ပါဘူး။ ဘယ်လိုနည်းနဲ့ပဲ ချစ်ချစ်၊ ချစ်ကြတဲ့ သူတွေ အချင်းချင်းပေါ့။ မိဘနဲ့သားသမီး၊ ညီအစ်ကိုမောင် နှမ၊ မိတ်ဆွေအပေါင်းအသင်း . . . အားလုံးပေါ့။

'ကိုယ်လိုချင်တာ . . . အချုပ်အနှောင်မဲ့အချစ် များ' သူတစ်ပါးကို ချုပ်နှောင်လိုတဲ့အချစ်နဲ့ ချစ်တယ်ဆိုရင် အချစ်ခံရတဲ့သူက မလွတ်လပ်တော့ဘူး။ စိတ်မအေးချမ်း တော့ဘူး။ ကိုယ်လည်းပဲ တကယ်စိတ်မအေးချမ်းပါဘူး။

ဒါ့ကြောင့်မို့လို့ 'ဒီအချိန်မှာ နားလည်သင့်ပြီ' ဆိုတဲ့ စာသားပါတဲ့ သီချင်းလေးကို တစ်နေ့သုံးခေါက်လောက် နားထောင်စေချင်တယ်နော်။ ကိုယ်ချစ်ပါတယ်ဆိုသူတွေ အပေါ် နားလည်မှု၊ နားလည်ပေးတတ်တဲ့စိတ် တိုးပွားလာ အောင်လို့ပါ။

စာသားလေးတွေကို သေချာခံစားပြီး နားထောင် ပါ။ အရသာခံဖို့ မဟုတ်ပါဘူး။ လိုက်နာကျင့်သုံးဖို့ပါ။

'နန်းတော်မှာ နေသမျှကာလပတ်လုံး အရက် မသောက်တော့ပါဘူး' တဲ့။

အဲဒီတော့ ရွှေဟသာမင်းကြီးကလည်း ပြန်ပြော တယ်။

'မြေခွေးတွေရဲ့ အသံတွေ၊ ကျေးငှက်တွေရဲ့ အသံ တွေဆိုတာ နားလည်ဖို့ လွယ်ပါတယ်။ လူတွေရဲ့ စကားသံ

http://www.dhammadownload.com

ဆိုတာ နားလည်ဖို့ ခက်ပါတယ်။ စိတ်ထဲကတစ်မျိုး၊ ပြောတာကတစ်မျိုးဆိုတော့ နားလည်ရ ခက်ပါတယ်'

'အတိစိရံ နိဝါသေန၊ ပိယော ဘဝတိ အပ္ပိယော'

'အနေကြာလာပြီဆိုရင် ချစ်ရာကနေ မုန်းသွားတတ်ပါသေးတယ်။ အရှင်မင်းကြီးနဲ့ ကျွန်ုပ်နဲ့ ကြားမှာ အမုန်းတရားမပေါ်ပေါက်သေးခင်၊ အရှင်မင်းကြီးကလည်း ကျွန်ုပ်ကို မမုန်းသေးခင်၊ ကျွန်ုပ်ကလည်း အရှင်မင်းကြီးကို မမုန်းသေးခင် ကိုယ့်နေရပ်ကိုပဲ ပြန်ပါရစေ။ ခွင့်ပြုပါ'

အဲဒီတော့ ဗာရာဏသီမင်းကြီးကလည်း လက်အုပ်ချီပြီးတော့ . . . 'အခုလို 'ဝေးဝေးမသွားပါနဲ့' လို့ တောင်းပန်နေတဲ့ကြားထဲက မလိုက်လျောနိုင်ဘူးဆိုရင် တော့လည်း သွားပေ့ါ။ လုံးဝကြီးတော့ သစ်စိမ်းချိုး ချိုးပြီးတော့ မသွားပါနဲ့။ တစ်ခါတစ်ရံလေးတော့ ပြန်လာပါ။ ရွှေဟင်္သာမင်းကြီး ပြန်လာမယ့်နေ့ကို မျှော်လင့် စောင့်စားနေပါ့မယ်။ ရွှေဟင်္သာမင်းကြီးကို အမြဲတမ်း သတိရနေပါ့မယ်'

ရွှေဟင်္သာမင်းကြီး ပြောတဲ့စကားထဲမှာ 'ယသ္မိံ မနော နိဝိသတိ' ဆိုတဲ့အချက်လည်း ပါတယ်နော်။

'ဗာရာဏသီမင်းကြီး . . . အသင်နဲ့ကျွန်ုပ် ဘယ်လောက်ပဲဝေးဝေး၊ အသင်မင်းကြီးက ကျွန်ုပ်ကို သတိရ၊

http://www.dhammadownload.com

အကျွန်ုပ်က အသင်မင်းကြီးကို သတိရနေရင် ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ။ အသင်မင်းကြီးနဲ့ ကျွန်ုပ်ရဲ့ကြားမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီးတော့ စိတ်ကြည်လင်နေတယ်ဆိုရင် ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ'

'လူတစ်ယောက်က တခြား လူတစ်ယောက်ဆီကို စိတ်ရောက်နေတယ်၊ သတိရနေတယ်ဆိုရင် အဲဒီလူနဲ့ ဘယ်လောက်ဝေးဝေး နီးနီးလေးပါပဲ'

'လူတစ်ယောက်က တခြားလူတစ်ယောက်ကို ကြည်လင်တဲ့စိတ်နဲ့ သတိရနေတယ်ဆိုရင် သမုဒ္ဒရာ ဟိုဘက်ကမ်း ဒီဘက်ကမ်းထိအောင်ကို ဝေးနေပါစေ၊ နီးနီးလေးပါပဲ'

'အရှင်မင်းကြီးလည်း အသက်အန္တရာယ်မရှိဘူးဆိုရင်၊ ကျွန်ုပ်လည်း အသက်အန္တရာယ်မရှိဘူးဆိုရင် တစ်နေ့နေ့မှာ ဆုံကြသေးတာပေါ့'

ဆိုလိုတာကတော့ . . .

'အရှင်မင်းကြီးလည်း မသေသေးဘူး၊ ကျွန်ုပ်လည်း မသေသေးဘူးဆိုရင်တော့ ပြန်ဆုံကြတာပေါ့'

အဲဒီလိုပြောပြီးတော့ ရွှေဟင်္သာမင်းကြီး စိတ္တကုဋ်တောင်ကို ပြန်သွားပါတယ်။ ဦးဇင်းလည်း ဘုရားလောင်း ရွှေဟင်္သာမင်းကြီး ပြောသလိုပဲ ပြောရတော့မှာပါပဲ။

http://www.dhammadownload.com

'ဦးဇင်းလည်း မသေသေးဘူး၊ ဒကာကြီး, ဒကာမကြီးတို့လည်း မသေသေးဘူးဆိုရင်တော့ ပြန်ဆုံကြသေးတာပေါ့'

အခု ဒီတစ်ခေါက် အမေရိကမှာ ဦးဇင်းသီတင်းသုံးတာ (၅)လ ကြာပါတယ်။ အဲဒီ(၅)လမှာ ဘော်လ်တီမိုး(မြို့)ကို သွားပြီး ဆေးစစ်၊ ဆေးကုရတဲ့ ရက်တွေက ပေါင်းလိုက်ရင် (၁)လ ကြာတယ်။ ဘော်လ်တီမိုးမှာနေတဲ့ (၁)လကတော့ စာလုံးဝ မရေးဖြစ်ဘူး။

မနက်ဖြန် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့က စပြီးတော့ တရားဟောခရီး၊ ဒေသန္တရ ဗဟုသုတခရီးထွက်မှာက (၁)လ၊ ဆန်ဖရန်စစ္စကို၊ အယ်လ်အေ၊ နယူးယော့ စသည်အားဖြင့်ပေါ့။ အဲဒီ (၁)လလည်း စာလုံးဝရေးဖြစ်မှာ မဟုတ်တော့ဘူး။

ဒီတော့ အမေရိကမှာ နေတဲ့ (၅)လအတွင်း စာတကယ်ရေးဖြစ်တာက (၃)လပဲ ရှိပါတယ်။ (၃)လ စာရေးတာ ဟောတရား(၈)ပုဒ် ရေးပြီးသွားပါတယ်။ အပြီးအစီးတော့ မဟုတ်ဘူး။ ကိုးဆယ်ရာခိုင်နှုန်းစီပေါ့။ မြန်မာပြည်ပြန်ရောက်မှ ထပ်ဖြည့်ရေးပြီး အချောသတ်ရမှာ။

၂၀၀၈၊ ဇန်နဝါရီ (၉)ရက်၊ အသက်(၄၀)ပြည့်တဲ့နေ့မှာ အုပ်ရေ (၄၀)နဲ့ မြတ်စွာဘုရားကို ပူဇော်ဖို့ ရည်ရွယ်

http://www.dhammadownload.com

ထားတာဆိုတော့ တစ်နှစ်အတွင်း တော်တော်ရေးရဦးမယ်။ မြန်မာပြည်မှာဆိုရင် ရေးချိန်သိပ်မရလို့ ဒီ အမေရိကမှာ လာရေးရတာ။

အမေရိကမှာတောင်မှ မြန်မာလုံးဝမရှိတဲ့မြို့မှာ လာရေးရတာ။ မြန်မာရှိတဲ့မြို့မှာ သွားနေရင် ဧည့်သည်လာနေဦးမယ်လေ။ မြန်မာပြည်မှာ တောထဲ တစ်ပါးတည်းနေတဲ့ကြားက ဧည့်များနေလို့ အမေရိက ပြေးလာပြီး ဧည့်ရှောင်ရင်း စာရေးရတာ။ ဒကာကြီး၊ ဒကာမကြီးနဲ့ မငယ်က လွဲရင် ဒီမြို့မှာ မြန်မာတစ်ယောက်မှ မရှိဘူးလေ။ မြန်မာတွေရှိတဲ့မြို့နဲ့လည်း တော်တော်အလှမ်းဝေးတော့ ဧည့်သည်ဘေး ကင်းဝေးတာပေါ့။

အုပ်(၄၀)မြောက်ကို ဆောင်းပါးပုဒ်ရေ (၄၀)နဲ့လည်း ထူးထူးခြားခြား ထုတ်ချင်တယ်။ အဲဒီဆောင်းပါး (၄၀)ကလည်း မြန်မာပြည်မှာ နေရင် ရေးဖြစ်မှာ မဟုတ်လို့ နောက်နှစ် ဝါမဆိုမီ ဒီအမေရိက ပြန်လာပြီး ရေးရဦးမှာပါပဲ။

ဦးဇင်းရဲ့ မျက်စိကလည်း မီးရောင်နဲ့ လုံးဝ အလုပ်လုပ်လို့မရ၊ သဘာဝအလင်းရောင်နဲ့ပဲ အလုပ်လုပ်လို့ရတာဆိုတော့ ဒီမှာ နေ့တာအရှည်ဆုံးလတွေဖြစ်တဲ့ ဇွန်၊ ဇူလိုင်မှာ လာဖြစ်မယ် ထင်ပါတယ်။

http://www.dhammadownload.com

ဦးဇင်းလည်း မသေသေးရင်၊ ဒကာကြီး၊ ဒကာမကြီးနဲ့ မငယ်တို့လည်း မသေသေးရင်တော့ နောက်နှစ် ဇွန်၊ ဇူလိုင်မှာ ပြန်ဆုံကြသေးတာပေါ့။

ဦးဇင်းရဲ့ တရားတိပ်ခွေတွေကို အနာဆုံးပုဂ္ဂိုလ်တွေဖြစ်တဲ့ ဒကာကြီးနဲ့ ဒကာမကြီးကို ဦးဇင်း အမြဲသတိရနေမှာပါ။ ဒီမှာနေစဉ်အတွင်း အချိန်ပြည့် စာရေးနိုင်အောင်ရော၊ ကျန်းမာရေး ပြည့်စုံအောင်ရော အစစအရာရာ လိုလေသေးမရှိ ဂရုစိုက်စောင့်ရှောက်ကြတဲ့ ဒကာကြီး၊ ဒကာမကြီးနဲ့ မငယ်တို့ကို ဦးဇင်း အမြဲ သတိတရနဲ့ မေတ္တာပို့သနေမှာပါ။

တီဗီစလောင်းက FOOD CHANNEL နေ့တိုင်းကြည့်ပြီး တစ်နေ့တစ်မျိုး မရိုးအောင် မြန်မာစာရော၊ ဘိုစာရော၊ မြန်မာစာ-ဘိုစာ-ရောသမမွှေရော ချက်ပြုတ်ကျွေးမွေး လှူဒါန်းဆက်ကပ်တဲ့ ဒကာမကြီးနဲ့ မငယ်ကိုလည်း မြန်မာပြည်မှာ ဆွမ်းဘုဉ်းတိုင်း သတိရနေတော့မှာပါ။

ညနေတိုင်း ဒကာကြီး၊ ဒကာမကြီး၊ ခမည်းတော်နဲ့ ဦးဇင်းတို့ လေးယောက် အနည်းဆုံး နှစ်မိုင်လောက် မပျက်မကွက် လမ်းလျှောက်ခဲ့ကြတာဆိုတော့ မြန်မာပြည်မှာ နေ့စဉ် လမ်းလျှောက်တိုင်း၊ စင်္ကြံလျှောက်တိုင်းလည်း ဒကာကြီးနဲ့ ဒကာမကြီးကို ဦးဇင်း သတိရနေမှာပါ။

— — — — — — —

http://www.dhammadownload.com

သတိရတိုင်း မေတ္တာပို့နေမှာဆိုတော့ သတိရတိုင်း စိတ်အေးချမ်းပြီး ဘယ်လောက်ဝေးဝေး နီးနီးလေး ဖြစ်နေမှာပါပဲ။

ဒကာကြီးနဲ့ ဒကာမကြီးတို့ မငယ်တို့လည်း ဦးဇင်းကို အကြောင်းတိုက်ဆိုင်တိုင်း သတိရနေလိမ့်မယ်၊ သတိရတိုင်းလည်း မေတ္တာပို့နေလိမ့်မယ် လို့ ယုံကြည်ပါတယ်။

ကိုယ်က သူ့ကို သတိရနေရင် ကိုယ့်ရင်ထဲမှာ သူရှိနေတဲ့အတွက် ကိုယ်နဲ့သူ အပြင်မှာ မထိတွေ့ပေမယ့် ရင်မှာ ထိတွေ့နေပါတယ်။ သူ့ကို ကိုယ်သတိရလိုက်တိုင်း ကိုယ့်စိတ်ထဲမှာ သူရှိနေတာပဲလေ။

သူက ကိုယ့်ကို သတိရနေရင် သူ့ရင်ထဲမှာ ကိုယ်ရှိနေတဲ့အတွက် သူနဲ့ကိုယ် အပြင်မှာ မထိတွေ့ပေမယ့် ရင်မှာ ထိတွေ့နေပါတယ်။ ကိုယ့်ကို သူသတိရလိုက်တိုင်း သူ့စိတ်ထဲမှာ ကိုယ်ရှိနေတာပဲလေ။

တကယ်တော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် သတိမမေ့ရင် အမှန်အကန် ထိတွေ့နေတာပါပဲ။ အပြင်မှာ ထိတွေ့နေဖို့ထက် ရင်မှာ ထိတွေ့နေဖို့က ပိုအရေးကြီးပါတယ်။ ခိုင်မြဲတဲ့ မေတ္တာဓာတ်ကသာ လူတစ်ယောက်နဲ့ တစ်ယောက်ကို အမှန်တကယ်နီးကပ်စေတာပါ။

စစ်မှန်သန့်စင်တဲ့မေတ္တာစိတ်တွေနဲ့ အပြန်အလှန်

http://www.dhammadownload.com

သတိရရင်း ကုသိုလ်တရားတွေ တိုးပွားအောင် ကြိုးစား သွားကြပါစို့လို့ တိုက်တွန်းရင်း ဦးဇင်းတို့ရဲ့ 'ဘယ်လောက် ဝေးဝေးနီးနီးလေး' တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့ မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထား ကြပါ။ အရေးအကြီးဆုံးစကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါ တော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြ ထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ် သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . သာဓု . . . သာဓုပါ ဘုရား။

[၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၆)ရက်၊ အမေရိကန်နိုင်ငံ၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်၊ အီဒင်တန်မြို့၊ ဒေါက်တာမင်းသိန်းသောင်း၊ ဒေါက်တာခင်နွယ်ဝင်းမိသားစု လှူဒါန်းထားသော ရွှေပါရမီတောရကျောင်း၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။]

အရှင်သန္တာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။



http://www.dhammadownload.com

## ဝေးလျက်နီးနေ မိုင်ပေါင်းကုဋေ

အရှင်ဘုရား . . .

မေတ္တာနဲ့သာ အေးချမ်းစွာ စိတ်မှာ သတိရခြင်း မြောက်မြားစွာနဲ့ အရှင်ဘုရား (၅)လ မပြည့်တပြည့် ၂၀၀၆ ခုနှစ်၊ ဝါတွင်းသီတင်းသုံးခဲ့တဲ့ ရွှေပါရမီတောရ(USA) စံကျောင်းတည်ရာ Edenton ပင်လယ်ကမ်းခြေမြို့လေးက နေ တပည့်တော် ကြည်ညိုရိုသေလေးစားစွာ စာရေး လျှောက်ထားလိုက်ပါတယ်ဘုရား။

တပည့်တော် စာကို နိဒါန်းမပျိုးခင် အရဟံဂုဏ်တော်ကို ရွတ်ပြီးသွားပါပြီ။ ယခု ဆက်လက်စာရေးရင်း တပည့်တော်ပါးစပ်က တဖွဖွနဲ့ 'အရှင်ဘုရား ကျန်းမာချမ်းသာပါစေ' လို့ ရေရွတ်နေလိုက်တာ တပည့်တော် နားငြီး မတတ်လောက်ပါပဲ။ ဆက်သာ အရှိန်ကောင်းကောင်း အားသန်သန်ရွတ်နေမယ်ဆိုရင် ဒီစာ ဘယ်သောအခါမှ ဆုံး

http://www.dhammadownload.com

ခန်းတိုင်ရောက်မှာ မဟုတ်လို့ ရပ်တန်းက ရပ်ပြီး စာကို ဆက်ရေးနေပါတယ်ဘုရား။

ဒီနေ့ဟာဖြင့် ၂၀၀၇ ခုနှစ် (နံပါတ်ပေါင်း ကိုး နဝင်း)၊ ဇန်နဝါရီ (၉)ရက်၊ အင်္ဂါနေ့၊ အရှင်ဘုရားရဲ့ (၃၉) နှစ်မြောက် မွေးနေ့မင်္ဂလာဖြစ်လို့ တပည့်တော်အနေနဲ့ အ ထူးမွေးနေ့လက်ဆောင်အဖြစ် မေတ္တာပို့ဆုတောင်း အရှိန် အားကောင်းအောင် နံနက်စောစော ဘုရားမှာ ကိုယ်တိုင် ကိုယ်ကျ ဆွမ်းချက်ကပ်ပြီး တပည့်တော် (၈)ပါးသီလ ဆောက်တည် ခံယူလိုက်ပါတယ်။ စိတ်လျှော်ဖွပ်တဲ့အလုပ် ကို ဝမ်းသာအားရ စ, တော့တာပါပဲ။

အရင်အပတ် ဇန်နဝါရီ(၂)ရက်၊ အင်္ဂါနေ့၊ အရှင် ဘုရားမွေးရက်တုန်းကလည်း မွေးနေ့ကြို အရှိန်အဟုန် တလျှံတောက် မေတ္တာပို့ဆုတောင်းပေးချင်လို့ တပည့်တော် American Red Cross (အမေရိကန် ကြက်ခြေနီ အသင်း)မှာ သွေးသွားလှူ ကောင်းမှုကုသိုလ်ကံ သွားဖန် လိုက်သေးတယ်။

တပည့်တော်ရဲ့ ပတ္တိဒါနကို အရှင်ဘုရား ပတ္တာနု- မောဒန ခေါ်နိုင်အောင် ရေးလိုက်တာပါ။ အဲဒီမှာ ဘယ်သူ နဲ့ သွားတန်းတိုးသလဲဆိုတော့ အရင်တုန်းက အရှင်ဘုရား ကို ပြောပြဖူးတဲ့ သွေးလှူရှင် 'ပိုျပိုျလေးအို' နေတဲ့၊ သဒ္ဓါ

http://www.dhammadownload.com

တရားကလည်း ထက်သန်၊ ကျက်သရေကလည်း အပြည့်လျှံတဲ့ အဘွားကြီးနဲ့ အာလာပသလ္လာပ သတင်းဖလှယ်ကြတယ်။ ဒီနှစ်ထဲမှာ အသက်(၇၅)နှစ်ပြည့်မယ်။ ကျန်းမာနေသရွေ့ အသက်(၁၀၀)နှစ် ရောက်သည့်တိုင် မှန်မှန်လာလှူဦးမယ်တဲ့။ စံနမူနာ တင်လောက်စရာပဲ။ ပြောလာတဲ့သတင်းစကားတွေကလည်း 'မေတ္တာသံ' တွေနဲ့ ပဲ့တင်ညံနေတာပဲ။ တကူးတကပရဟိတလုပ်ငန်း အထွတ်အထိပ်ရောက်နေသူပါ။

တပည့်တော်ရဲ့ ဗဟုသုတအမြင်ကျယ်အောင် ဘာဆက်ပြောသလဲဆိုတော့ သွေးလှူဘဏ်တွေမှာ သွေးလုံလုံလောက်လောက် မရှိတော့ဘူးတဲ့။ အများဆုံးသွေးလှူကြတဲ့ စစ်သားအုပ်စုတွေက အီရတ်မှာ စစ်ထွက်တိုက်နေရလို့ သွေးအလှူရှင်ဘဝကနေ သွေးအလှူခံဘဝကို ရောက်သွားရရှာပြီတဲ့။ ငါတို့တစ်တွေ လူများများလာပြီး သွေးလှူရအောင် လှုံ့ဆော်ကြမယ်တဲ့။

စိတ်ကူးမိလိုက်တာက . . . အရှင်ဘုရားနဲ့တကွ နောက်လိုက်ရွှေပါရမီသွေးလှူအဖွဲ့ကြီးကို အမေရိကန်ကြက်ခြေနီအသင်းက ခရီးစရိတ်၊ တည်းခိုစရိတ်၊ စားစရိတ် တာဝန်ခံတယ်ဆိုရင် သွေးလာလှူကြမှာလား?

ဘာလိုလိုနဲ့ လက်ချိုးရေတွက်လိုက်ရင် အရှင်

http://www.dhammadownload.com

ဘုရား တပည့်တော်နဲ့ လမ်းခွဲသွားတာ (၂)လကြီးများ တောင် ကျော်သွားပါပြီ။ နေ့ညမပြတ် မေတ္တာနဲ့ သတိရ လျက်ပါပဲ။ အရှင်ဘုရားရဲ့ MP3 တရားခွေတွေ ညလုံး ပေါက် (အိပ်လိုက်/နိုးလိုက်)နာခြင်းရဲ့ အကြောင်းကြောင့် တရားအရသာ၊ တရားချမ်းသာအကျိုးတွေ ဆတက်ထမ်းပိုး တိုးလို့ နေပါပြီ။ ဟောပြောသူ အရှင်ဘုရားရဲ့ ပုံရိပ်ဖော်ပြီး မေတ္တာ၊ သမထ၊ ဝိပဿနာဘာဝနာတွေကို အားပါးတရ ပွားလိုက်တာပေါ့။

မေတ္တာနဲ့ လမ်းခွဲခဲ့ကြတယ်ဆိုတော့ စိတ်ထဲမှာ လည်း ဝမ်းမနည်းပါဘုရား။ ပေါက်ကွဲဒေါသမပြောနဲ့၊ အနု စား/ဆုတ်နစ်ဒေါသ ကိလေသာတွေနဲ့လည်း ဝေးနိုင်သ လောက် ဝေးအောင် ပြေးနေပါတယ်။ နောက်ပြီး အနေဝေး သွားကြပေမယ့် အဝေးနေတော့ မဟုတ်ပါ။ စိတ်ချင်းနီးရင် ဘယ်လောက်ဝေးဝေး နီးနီးလေးပဲ မဟုတ်လားဘုရား။

အနာဂတ်ကို မျှော်တွေးပြီး တဒင်္ဂတစ်ခဏ ပစ္စု-ပ္ပန်အချိန်ဖြုန်းခွင့်ရမယ်ဆိုရင် မျှော်တွေးစိတ်တစ်ခုဖော်ပြီး အရှင်ဘုရားနဲ့ တပည့်တော် ဇန်နဝါရီလကုန်လောက် ပြန် ဆုံရတော့မှာကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်မိပါတယ် ဘုရား။

အရှင်ဘုရား မြန်မာပြည် ပြန်ကြွပြီးကတည်းက

http://www.dhammadownload.com

တပည့်တော်နည်းတူ အရှင်ဘုရားကို Edenton က သက်ရှိ သတ္တဝါ၊ သက်မဲ့အရာတွေကလည်း သတိရအောက်မေ့ တမ်းတလွမ်းဆွတ်နေကြတယ်။ သူတို့ရဲ့ သတိရပုံနဲ့ ခံစား ချက်တွေကို တပည့်တော် စိတ်ကူးနဲ့ သူတို့ကိုယ်စား မြူးမြူး ကြွကြွ တင်ဆက်လျှောက်ထားပေးစေလိုပါကြောင်း အ တင်း တောင်းဆိုလာကြတယ်။

အိမ်ရှေ့နဲ့ ဘေးအိမ်က ဇနီးမောင်နှံတွေက အရှင် ဘုရားသတင်းကို အရင်ဆုံး လာမေးကြတယ်။ ခါတိုင်း အရှင်ဘုရား လမ်းလျှောက်တာ တွေ့နေကျ မတွေ့တော့လို့ ထင်ပါရဲ့။ ရပ်ကွက်အိမ်နီးနားချင်းအားလုံးလိုလိုပဲ တပည့် တော်တို့ နှစ်ယောက်တည်း လမ်းလျှောက်နေတာတွေ့တိုင်း မဆိုင်းမတွ ကားရပ်ပြီး အရှင်ဘုရားသတင်းကို မေးတော့ တာပါပဲ။

'ဘယ်တုန်းက ပြန်သွားတာလဲ'

'နေရတာပျော်ရဲ့လား'

'မပျော်လို့ ပြန်သွားတာလား'

'ဘယ်တော့ ပြန်လာမှာလဲ'

'စာအုပ်ဘယ်နှအုပ် ရေးဖြစ်သလဲ'

ကေန္တ . . . သူတို့ရဲ့ တစ်နေ့တာဘဝရှုခင်းထဲမှာ အရှင်ဘုရားရဲ့ အေးချမ်းတည်ကြည် ကိလေသာကင်းတဲ့

http://www.dhammadownload.com

မျက်နှာတော်ကို မဖူးမြော်ရတော့လို့ သူတို့စိတ်ထဲမှာ ဟာတာတာ၊ ဗလာကျင်း တစ်ခုခုလိုနေတဲ့ ခံစားချက်တွေ ဖြစ်မှာပါ။ အိမ်ဘေးက အဘိုးကြီးလည်း ဝသီမပျက် နေ့လယ် အရှင်ဘုရားနားချိန်မှာ ဆူညံတဲ့ စက်ကိရိယာသံတွေနဲ့ မြက်ဖြတ်လိုက်၊ သစ်ရွက်လေမှုတ်လိုက်၊ ကားစက်နှိုး၊ ကလိလိုက်နဲ့ အရှင်ဘုရားကို သတိရအောင် ဖန်တီးနေတာကြောင့် သူ့ကို ကျေးဇူးပဲတင်ရမလိုလို၊ စိတ်ပဲ ဆိုးရမလိုလို၊ ဒွိဟစိတ်ပေါက်မိတယ်။

နောက်ဆုံး တစ်မိုင်မှတ်ရောက်ဖို့အလို ဘယ်အကွေ့လမ်းက ညာဘက်လှည့်ကြည့်တိုင်း အရှင်ဘုရားရှိတုန်းက မြင်နေကျ သမင်အုပ်ကို အရှင်ဘုရား ပြန်သွားပြီးကတည်းက မတွေ့တော့ပါ။ 'သမင်ကလေးတွေ လာကြ၊ လာကြ' လို့ အရှင်ဘုရားရဲ့ မေတ္တာစူးရှတဲ့ခေါ်သံ မကြားရတော့လို့ထင်ပါရဲ့။

သူတို့ခမျာ ဆောင်းတွင်းချိန်၊ အိမ်ခြေတွေကို ပတ်လည်ဝိုင်းတဲ့ တောအုပ်က သစ်ရွက်တွေ ကြွေကျသွားလို့ တောနက်ထဲ ပြောင်းခါမှ အပျော်အမဲလိုက်မုဆိုးတွေ လက်ချက်နဲ့ အသေအပျောက်များသားပဲ။ တိရစ္ဆာန်စကားသာ တပည့်တော်နားလည်ရင် သမင်ခေါင်းဆောင်က တပည့်တော်ကို 'ဆရာတော် အရှင်ဆန္ဒာဓိကကို အဝေးမှာ မနေပါ

http://www.dhammadownload.com

စေနဲ့၊ မြန်မြန် ပြန်လာပါ’ လို့ ပြောခိုင်းမှာပဲ။

တစ်မိုင်အမှတ်မရောက်ခင် ဘယ်ကွေ့ပြီး ကိုက် ၃၀၀ကျော် လမ်းဖြောင့်ကြီးအပေါ် တပည့်တော် စကြံ လျှောက်တိုင်း ‘လု’ ‘ဝ’ အနားမှာ ရောက်နေသလို ခံစား ချက် ပြင်းပြလွန်းလို့ ကြက်သီးမွေးညင်း တထောင်းထောင်း ထပေါင်းလည်း များလှပြီဘုရား။

အရှင်ဘုရားရဲ့ပုံရိပ် စိတ်ထဲပေါ်လာတာနဲ့ တ တမ်းတတ တလွမ်းလျလျ အဖြစ်မခံဘဲ သမထအာရုံနဲ့နေ၊ ဗုဒ္ဓါနုဿတိဘာဝနာပွား၊ မေတ္တာဘာဝနာနဲ့ဆက်။ မြင်ရင် မြင်တယ် - ဝိပဿနာရှုပြီး ဝင်လာမယ့် ကိလေသာရန်သူ တွေကို တိုက်ထုတ်ပစ်လိုက်တယ်ဘုရား။

မနေ့ညက ရွာထားတဲ့မိုးကြောင့် လမ်းက စိုနေ တယ်။ ဟိုနေရာ ဒီနေရာ ကွက်တိကွက်ကျား ရေတစ်ပေါက် စ နှစ်ပေါက်စ အိုင်နေတယ်။ တပည့်တော် အတွေးတစ်ခု ပေါ်လာမိတယ်။ အရှင်ဘုရားရဲ့ ဖွဖွညင်ညင်သာသာနင်း တဲ့ ခြေထောက်အထိအတွေ့ကို လမ်းကလေးက လွမ်းတယ် ထင်ပါရဲ့။ မိုးကို တောင်းတောင်းပန်ပန် အချေးအငှားလုပ် ပြီး အရှင်ဘုရားကို သတိရလွန်းလို့ ‘ငို’ပြသလား မသိပါ ဘူး။ ငိုရင်းနဲ့လည်း ဆရာတော်ကို ‘အဝေးမှာမနေပါနဲ့၊ အမြန်ပြန်လာပါ’ လို့ ခေါ်နေဟန်ပဲ။

— — — — — — —

http://www.dhammadownload.com

လမ်းနံဘေးမှာ မြစိမ်းရောင်သမ်းနေတဲ့ မြင်ခင်းလွင်ပြင်ကြီးကလည်း မျက်စိတစ်ဆုံးပဲ။ ရောမ ကော်ဇောကြီး ခင်းထားသလို . . . အရှင်ဘုရားပြန်ကြွမယ့်ရက်ကို စောင့်မျှော်ခရီးဦးကြိုလျက် 'အဝေးမှာ မနေပါနဲ့' တဲ့။

ဒါယိကာမကြီး မြန်မာပြည်ကနေ အမေရိကားပြန်ရောက်တဲ့ နိုဝင်ဘာလ(၂၅)ရက်နေ့ကနေ ဒီနေ့ဒီအချိန်အထိ နေ့စဉ်ရက်ဆက် အရှင်ဘုရားအကြောင်းတွေကို ပြန်ပြောင်းအောက်မေ့ပြီး မေတ္တာနဲ့ သတိရကြပါတယ်။ ဤကဲ့သို့ မှန်ကန်သော သစ္စာစကားကြောင့် အရှင်ဘုရား ကျန်းမာချမ်းသာပါစေ။ လိုအင်ဆန္ဒအဝဝနှင့် ပြည့်စုံပါစေ။ ဗုဒ္ဓ-သာသနာ အရှင်ဘုရား တစ်ကမ္ဘာလုံး ဖြန့်နိုင်ပါစေ။ လူသားတိုင်း၊ လူသားတိုင်း သတိတရား လက်ကိုင်ထားပြီး ကိလေသာနည်းအောင် ကြိုးစားနိုင်ကြပါစေ။ ငြိမ်းအေးသောဘဝပိုင်ရှင်များဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်အရှင်ဘုရား။

ဆရာတော်ရဲ့ သာယာအေးချမ်းသော မေတ္တာအရိပ်အာဝါသအောက်ကနေ ဆိုက်ဆိုက်မြိုက်မြိုက် ဦးခိုက်လျက် . . .

**မင်းသိန်းသောင်း(ရွှေပါရမီ USA)**

Edenton, North Carolina

http://www.dhammadownload.com

# အဝေးရောက်အနီးဆုံးလူ

ဆရာတော်ဘုရား . . .

ဆရာတော်ဘုရား ကျန်းမာချမ်းသာပါစေ လို့ ဆုတောင်းမေတ္တာပို့သပြီး သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။

တပည့်တော်လည်း နိုဝင်ဘာလ (၂၄)ရက်နေ့က မင်္ဂလာဒုံလေဆိပ်ကနေ အမေရိကားကို တစ်ကိုယ်တည်း ပြန်လာခဲ့ပါတယ်။ နာရီ (၂၀)ကျော်မျှ လေယာဉ်စီးပြီး ပြန်လာခဲ့စဉ်မှာ တရားသဘောတွေကို သတိရဆင်ခြင်ဖို့ အချိန်တွေ အများကြီး ရရှိခဲ့ပါတယ်။

ပထမဦးဆုံး ခေါင်းထဲဝင်လာတာကတော့ ဒီဗေ-

http://www.dhammadownload.com

ဒါပင်ကို ကံလေက အမေရိကားရောက်အောင် ပြန်တိုက်ပေးနေတယ်ဆိုတာပါပဲ။ ပုထုဇဉ်ပီပီ ဝမ်းနည်းသလိုလိုရှိသော်လည်း ဝမ်းနည်းတယ်ဆိုတာ အနုစားဒေါသ၊ ဆုတ်-နစ်တဲ့ဒေါသ ဆိုတာ သတိရမိလို့ ဝမ်းနည်းတဲ့စိတ်ကို မေ-တ္တာစိတ်၊ ကုသိုလ်ပူဇွေးတဲ့စိတ်နဲ့ အစားထိုးလိုက်ပါတယ်။

အပြန်လမ်းတစ်လျှောက်လုံးမှာလည်း ကိုယ်ကြည်ညိုလေးစားတဲ့ ဆရာတော်ကို သတိရအောက်မေ့နေမိပါတယ်။ သို့သော်လည်း ဆရာတော်ဟောထားတဲ့ 'လမ်းခွဲတာဝမ်းနည်းစရာလား' ထဲက သတိရလွမ်းဆွတ်နေတဲ့သူကိုမေးတဲ့ 'သိပ်အားနေလို့လား' ဆိုတဲ့ မေးခွန်းလေးကို သတိရမိလို့ တစ်ကိုယ်တည်း ပြုံးမိပါသေးတယ်။

လေယာဉ်ပျံစီးနေစဉ်ကလည်း ဆရာတော်ရယ်၊ ရွှေပါရမီတောရကျောင်းလေးရယ်၊ အလင်းစေတမန်အဖွဲ့ရယ်၊ အားလုံးကိုပဲ သတိရနေမိပါတယ်။ ကျောင်းကလေးကလည်း သာယာ၊ ပတ်ဝန်းကျင်သဘာဝရှုခင်းကလည်း ငြိမ်းချမ်းဆိုတော့ အင်မတန် စိတ်အေးငြိမ်းစရာကောင်းတဲ့နေရာလေးပါပဲ။

အမေရိကား ပြန်ရောက်တဲ့အခါကျတော့လည်း အထူးအဆန်း သဘော်သီးပွင့်အသုတ် စားကောင်းပုံ၊ Oval fee သောက်ခဲ့ပုံ၊ အလင်းစေတမန်အဖွဲ့ဝင်များနဲ့ တွေ့ရှိ

http://www.dhammadownload.com

စကားပြောခဲ့ပုံတွေကို ပြန်လည်ပြောပြ ကြည်နူးရပြန်ပါတယ်။ ဆရာတော် သထုံမြို့ထဲ ဆွမ်းခံကြွစဉ်က တပည့်တော် ဆွမ်းလောင်းခွင့်ကြုံခဲ့တဲ့ အခွင့်အရေးကလေးကိုလည်း သတိရကြည်နူးမိပါတယ်။

ဒါယကာကြီးနဲ့ ဒါယိကာမကြီးတို့လည်း နေ့စဉ်ပဲ ဆရာတော့်အကြောင်း သတိရစွာ ပြောကြပါတယ်။ တရားတွေကိုလည်း အချိန်ရရင် ရသလို နာကြပြီး တရားစာအုပ်ဖတ်လိုက်၊ တရားဆွေးနွေးလိုက်နဲ့ အလွမ်းဖြေကြပါတယ်။ လမ်းလျှောက်ထွက်ကြပြန်တော့လည်း သတိရစရာတွေ ပိုပြီး ဖြစ်ကြပြန်ပါတယ်။ အိမ်နီးချင်းတွေကပါ အမြဲလိုလိုပဲ ဆရာတော့်သတင်း မေးကြပါတယ်။ မပျော်လို့ ပြန်သွားတာလား၊ ဘယ်တော့ ပြန်လာဦးမှာလဲတဲ့။ လမ်းလျှောက်ရင်း တွေ့နေကျသမင်တွေလည်း သိပ်မတွေ့တော့ပါဘူး။ အခုလို ဆောင်းရာသီရဲ့ ရှုခင်းက အလွန်လှနေရောပါပဲ။

သတိရအောက်မေ့နေပေမယ့် ဆရာတော် ဆိုဆုံးမတဲ့အတိုင်း သတိရအောက်မေ့တဲ့စိတ်ကို မေတ္တာစိတ်နဲ့ အစားထိုးပြီး မေတ္တာနဲ့ သတိရခြင်းဖြစ်အောင် ကြိုးစားပြီး စိတ်ကို ကြည်လင်နေအောင် ထားပါတယ်။ ကိုယ်ကြည်ညိုလေးစားတဲ့ဆရာတော်ကို လှူခဲ့တာတွေ၊ ဝေယျာဝစ္စကုသိုလ် ပြုခဲ့တာတွေ၊ ကူညီစောင့်ရှောက်ခဲ့တာတွေကို သတိရပြီး

http://www.dhammadownload.com

စာဂါနုဿတိဘာဝနာလည်း ပွားပါတယ်။ ကုသိုလ်လည်း ပူနွေးမိပါတယ်။ ကုသိုလ်ပူနွေးစရာတွေကလည်း အများကြီးဆိုတော့ အလွန်ပင် ဝမ်းမြောက်မိပါတယ်။ ဝမ်းမြောက်တဲ့စိတ်ကိုလည်း ဝိပဿနာစိတ်ဖြစ်အောင် ပြန်လည်ရှုမှတ်ပါတယ်။ ဆရာတော်ဟောတဲ့ ပဿဒ္ဓိစိတ်ပါဖြစ်အောင် ကြိုးစားလျက်ပါ။

ဘယ်လောက်ပဲ သတိရနေရနေ၊ ဆရာတော်က 'ဝေးလေကောင်းလေ' တဲ့။ ကိုယ့်ကို ကြည်ညိုတဲ့သူတွေနဲ့ ဝေးလေကောင်းလေပါပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို ကြည်ညိုတဲ့သူတွေက ပိုပြီး ဒုက္ခပေးတတ်ပါတယ်တဲ့။ လမင်းကြီးရဲ့ဘဝအတိုင်း အလင်းဓာတ်နဲ့ အအေးဓာတ်ကို အဝေးကနေပဲ ပေးချင်ပါတယ်လို့ ဆိုထားတာကို သွားပြီး သတိရမိပါတယ်။

ဆရာတော့်ဆုံးမစကားအတိုင်း ဘယ်လောက်ဝေးဝေး နီးနီးလေးဖြစ်ရအောင် ဆရာတော့်ပုံရိပ်ကို ဖော်ပြီး မေတ္တာသတိဖြစ်ရအောင်လည်း ကြိုးစား၊ ဝိပဿနာသတိဖြစ်ရအောင်လည်း ကြိုးစားလျက်ပါ။

'မေတ္တာနဲ့သာ၊ အေးချမ်းစွာ၊ စိတ်မှာ သတိရ' ဖြစ်အောင်ကြိုးစားတဲ့အပြင် 'နှံ့သာဖြင့်ထုံမွှမ်းအပ်သောအာရုံ' ဖြစ်အောင်လည်း ဂရုပြုပါတယ်။

http://www.dhammadownload.com




ပကတိတံတားက
အရပ်ဒေသတွေကို
ဆက်သွယ်ပေးတယ်၊
မေတ္တာတံတားက
နှလုံးသားတွေကို
ပေါင်းကူးပေးတယ်၊
မေတ္တာစိတ်ကိုယ်စီနဲ့
သတိရနေကြမယ်ဆိုရင်
တစ်ယောက်နဲ့တစ်ယောက်
ဘယ်လောက်ဝေးဝေး
နီးနီးလေးပါပဲ။ ။